# သတင်းလွှာ




အတွဲ(၄)၊အမှတ်(၁၄)။ ၂၀၁၀ ခုနှစ်၊မတ်လ(၅)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## ဓာတုပစ္စည်း လုပ်ငန်းသေးလည်းဂရုပြုဖို့လို

ဓာတုပစ္စည်းတွေနဲ့ လုပ်နေရတဲ့လုပ်ငန်းတွေမှာ ပစ္စည်းတွေကိုင်တွယ်မှု၊ စွန့်ပစ်မှုဆိုင်ရာတွေကိုသိရှိဖို့လိုပြီလို့သိရတယ်။ "ဓာတုပစ္စည်းကိုင်တွယ်တာ၊ ဘေးအန္တရာယ်ကင်းဖို့ ဗဟုသုတနဲ့ ကျွမ်းကျင်မှုတွေလိုနေတယ်" ဟု စက်မှုဖုန်တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောဆိုပါတယ်။ သည်နိုင်ငံမှာက ဓာတုပစ္စည်းကို ထုတ်လုပ်မှုက နည်းပါသေးတယ်။ ပြည်ပက ကုန်ကြမ်းကိုဝယ်ပြီးပြည်တွင်းမှာ ထုတ်လုပ်နေကြတာ။ရှိနေတာကချည်ထည်ဆေးဆိုးလုပ်ငန်း၊အိမ်သုတ်ဆေး၊ဘက်ထရီစတဲ့လုပ်ငန်းတွေလောက်သာရှိပါတယ်။ အနံ့ကိုရှူပြီးခဲဆိပ်သင့်တာတွေဖြစ်တတ်တာလည်းရှိပါတယ်။ ဆိုးဆေးတွေကို ကိုင်တွယ်ပြီးစွန့်ပစ်ရင်လည်း စနစ်တကျမစွန့်ပစ်တာတွေလည်းရှိပါတယ်။အက်စစ်တွေဆိုလည်းစနစ်တကျမစွန့်ပစ်တာတွေလည်းရှိပါတယ်။ "ရေဆိုးပစ်တဲ့မြောင်းတောင်မရှိဘဲ ဒီအတိုင်းသွန်နေတာတွေရှိနေတာ၊ ဒါတွေအရေးကြီးမှန်းလဲမသိကြဘူး၊ စီးပွားရေးပြိုင်ဆိုင်ဖို့ပဲလုပ်နေကြတာ၊ ဗဟုသုတ ရှိထားရင်တော့ ကောင်းတယ်"လို့ချည်ထည်ဆေးဆိုးလုပ်ငန်းရှင်တစ်ဦးကပြောပါတယ်။ နိုင်ငံတကာမှာလည်း ဓာတုပစ္စည်းတွေကြောင့် လူတွေထိခိုက်မှုတွေရှိနေပါတယ်။ နှစ်ရာနဲ့ချီပြီးဖြစ်တဲ့ ဓာတုစွန့်ပစ်ပစ္စည်းရှိတဲ့နေရာပေါ်မှာဖြစ်ရင်တောင်လူကို အန္တရာယ်ဖြစ်စေမှုတွေလေ့လာမှုအရ တွေ့ရှိနေရတယ်လို့ဆိုတယ်။ တချို့နိုင်ငံမှာဆိုလည်ဓာတုလုပ်ငန်းတွေရှိရာဒေသကလူတွေ အသက်မရှည်ကြတာကို လေ့လာကြည့်တော့ အဆိပ်သင့်တာမျိုးတွေတွေ့ရတယ်လို့သိရတယ်။ စက်ရုံကြီးတွေက စွန့်ပစ်မှုကို စနစ်ကျအောင် လုပ်တာမျိုးရှိပါတယ်။ ရေဆိုးတွေကိုကန်နဲ့လှောင်ဓာတုကင်းစင်အောင်လုပ်ပြီးမှ မြစ်ချောင်းထဲကိုစွန့်ပစ်ပါတယ်။ ပစ္စည်းတွေကိုင်တွယ်အသုံးပြုတာတွေစနစ်ကျဖို့လိုတယ်လို့ဆိုတယ်။ ဓာတုဗေဒဆိုင်ရာဥပဒေ( Chemical law) လည်းထွက်ဖို့ရှိတယ်လို့ဆိုတယ်။ ဓာတုဗေဒလုပ်ငန်းကြီးတွေမရှိပေမဲ့ ရှိတဲ့လုပ်ငန်းတွေကပဲ ဂရုစိုက်လုပ်ကိုင်နိုင်ဖို့လိုလာပြီလို့သိရကြောင်း ၂၀၁၀ခုနှစ် မတ်လ ၅ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အစိုးရဝန်ကြီးဌာနများတွင် e-Government စနစ်ကို ကျင့်သုံးမည်ဖြစ်ရာ ယခုအချိန်တွင် ဝန်ကြီးဌာနကိုးခု၌ စတင်အသုံးပြုနေ

အစိုးရဝန်ကြီးဌာနများတွင် e-Government စနစ်ကို ကျင့်သုံးမည်ဖြစ်ရာ ယခုအချိန်အထိ ဝန်ကြီးဌာန ကိုးခုတွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်း Software and Solution Exhibition တွင် တရားဝင်ထုတ်ပြန်ထားသည့် စာရင်းဇယားများအရ သိရှိရသည်။ စာရွက်စာတမ်းများ၊သတင်းအချက်အလက်များ ဖလှယ်နိုင်သည့်ရုံးတွင်းသတင်းအချက်အလက်စနစ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ပို့ဆောင်ရေးဝန်ကြီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့၌ လည်းကောင်း၊ အစီရင်ခံစာများရုံးတွင်းစာအကျဉ်းများ၊ ညွှန်ကြားချက်များကို ဌာနများတွင် လက်ရှိကျင့်သုံးနေသည့် မူရင်းပုံစံမပျက်စေဘဲ အိုင်စီတီနည်းပညာသုံးစွဲ၍ ပိုမိုထိရောက်လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်သော စနစ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှု(၁)ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၌လည်းကောင်း၊ ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားပြီး စီမံခန့်ခွဲနိုင်သော ဝန်ထမ်းအချက်အလက်မှတ်တမ်းစနစ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာနတို့တွင် လည်းကောင်း အသီးသီးသုံးစွဲလျက်ရှိကြောင်း ၂၀၁၀ခုနှစ် မတ်လ ၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မရမ်းကုန်းမြို့နယ်အတွင်း ယာယီပိတ်ပင်ထားသော ကြက်၊ ဘဲ၊ ငုံးနှင့် ၄င်းထွက်ကုန်ရောင်းချခြင်းအား ပြန်လည်ခွင့်ပြု

မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်အတွင်းရှိ ဉစားကြက်ခြံတစ်ခြံတွင် ပြင်းထန်သော ကြက်ငှက်တုပ်ကွေးရောဂါပိုး ဗိုင်းရပ်စ် H5N1တွေ့ရှိပြီးနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာ အာဏာပိုင်များပူးပေါင်းဆောင်ရွက်မှုဖြင့် ၄င်းရောဂါကာကွယ်ထိန်းချုပ်ခြင်းအား အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်ခဲ့သည်။ ၄င်းရောဂါဖြစ်ပွားမှု အခြေအနေအား စောင့်ကြည့်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများနှင့် ဖြစ်ပွားသည့် ဒေသတွင်းသို့ ကြက်၊ ဘဲ၊ ငုံးနှင့် ၄င်းပစ္စည်းများ ဝင်ရောက်မှု ဝယ်၊ ရောင်းမှုများအား တားမြစ် စစ်ဆေးခြင်းများကြောင့် ရောဂါထပ်မံဖြစ်ပွားမှုမရှိခဲ့သဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်နိုင်ခြင်း၊ အခြေအနေ တည်ငြိမ်လာပါသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မရမ်းကုန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း ကန့်သတ်ဇရိယာအတွင်း၌ ပါရှိသော ဈေးခြောက်ဈေး၊ စားသောက်ဆိုင်သုံးဆိုင်နှင့် ကုန်တိုက်ကြီးသုံးခုတို့တွင် ကြက်၊ ဘဲ၊ ငုံးနှင့် ၄င်းထွက်ကုန်ပစ္စည်းများရောင်းချခွင့်ပြန်လည်ခွင့်ပြုကြောင်း ဖေဖော်ဝါရီ ၂၇ရက်တွင် ခွင့်ပြုပေးခဲ့သည်။ မကြာသေးမီက မင်္ဂလာဒုံမြို့ ကျေးရွာတစ်ရွာရှိ တိုင်းရင်းကြက်နှင့် ဒေသဘဲများတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး H5N1 တွေ့ရှိမှုကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်ကြီးကြပ်မှု ရောဂါဖြစ်ပွားသည့် ဇရိယာ၊ ကန့်သတ်ဇရိယာအတွင်း ဈေးငယ်ခြောက်ခုအတွင်း ကြက်၊ ဘဲ၊ ငုက်နှင့် ၄င်းထွက်ကုန်ပစ္စည်းများရောင်းချခြင်းအား ဖေဖော်ဝါရီ ၂၃ရက်မှစ၍ ယာယီတားမြစ်ထားမှုအားဆက်လက်အတည်ပြုခဲ့ဖြစ်ပါသည်။ ယခုအခါ ကြက်ဘဲရောင်းချမှု၊ သယ်ယူမှု၊ ဖြန့်ဖြူးမှုများကို ရန်ကုန်တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ရန်ကုန်တိုင်းအသားတိုးကြက်မွေးမြူ ရောင်းချသူများအသင်းနှင့်မင်္ဂလာတောင်ညွန့်ကြက်ဘဲရောင်းချသူများအဖွဲ့ (ကြက်ဘဲဒိုင်များ)မှ စီစဉ်သတ်မှတ်ပေးမှုဖြင့် မြို့နယ်ဦးစီးဌာနမှ ကြက်ဘဲကျန်းမာကြောင်းလက်မှတ်(Pc-3)ကို မျက်မြင် ကြည့်ရှုစစ်ဆေး၍ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း ၂၀၁၀ခုနှစ် မတ်လ ၇ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အိုင်တီကုန်တိုက်နဲ့အသေးစားရုပ်ရှင်ရုံဖွင့်မည်

အသေးစားရုပ်ရှင်ရုံတစ်ခုပါဝင်မယ့် ဂျူပီတာ အမည်ရှိ သတင်းအချက်အလက်နည်းပညာကုန်တိုက် (Jupiter IT Mall)ကို လာမယ့်ဧပြီလ ပထမပတ်အတွင်း လှည်းတန်းစိန်ဂေဟာ၊ စတုတ္ထထပ်မှာ ဖွင့်လှစ်မယ်လို့ သည်ကုန်တိုက်ကိုတည်ထောင်မယ့် Blue Ocean ကုမ္ပဏီထံမှ သိရပါတယ်။ Blue Ocean ကုမ္ပဏီကို ပြည်တွင်းက အိုင်တီကုမ္ပဏီ သုံးခုဖြစ်တဲ့ e Trade Myanmar ကုမ္ပဏီလီမိတက်၊ Myanmar Tycoon Group ကုမ္ပဏီလီမိတက်နဲ့ Myanmar Inter Safe ကုမ္ပဏီတို့ကပူးပေါင်းတည်ထောင်ထားတယ်လို့ သိရတယ်။အိုင်တီကုန်တိုက်မှာ အိုင်တီဆိုင်ရာ ဆက်စပ်ပစ္စည်းရောင်းချတဲ့ ကုမ္ပဏီတွေက ဆိုင်ခန်းအသီးသီးနဲ့ ပြသရောင်းချကြမှာဖြစ်ပြီး Blue Oceanအနေနဲ့ကတော့ စီမံအုပ်ချုပ်မှုအပိုင်းသာပါဝင်မယ်လို့ဆိုတယ်။ ကွန်ပျူတာ၊ နက်ဝပ်ခ်ကင်း၊ ဟာ့ဒ်ဝဲလ်ပိုင်း၊ ဆော့ဖ်ဝဲလ်ပိုင်း၊ မိုဘိုင်းလ်ဖုန်းဟန်းဆက်၊ အီလက်ထရွန်းနစ်ပစ္စည်းစတဲ့ သတင်းအချက်အလက်နည်းပညာနဲ့ဆက်နွယ်နေတာတွေကိုရရှိနိုင်မယ်လို့ဆိုတယ်။"ဝယ်တဲ့သူဘက်ကကြည့်ရင်လဲရွေးချယ်ရတာအဆင်ပြေလာမယ်၊ဆိုင်တွေဘက်ကကြည့်ရင်လဲတစ်နေရာတည်းမှာလူတိုင်းကလာဝယ်တဲ့အတွက်ကြောင့်ပိုရောင်းရမယ်"လို့ Blue Ocean ကုမ္ပဏီမှ ဦးသန်းညီထွေးက ပြောပါတယ်။ အသေးစား ရုပ်ရှင်ရုံ (Mini Theatre)ကိုလည်း အိုင်တီကုန်တိုက်ထဲမှာပဲဖွင့်မှာဖြစ်ပြီးဧပြီလကုန်ပိုင်း (မြန်မာနှစ်ကူးအပြီး)မှ ဖွင့်ဖြစ်မယ်လို့ သိရတယ်။ "လူအယောက် ၁၆၀လောက်ဆံ့မယ်၊ 3D Ready လို့ပြောလို့ရတယ်၊ 3Dပြမယ်ဆိုရင် ပြလို့ရအောင် လုပ်ထားတယ်၊ အသံပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကို စင်ကာပူမှာပြနေတဲ့ ရုံတွေအတိုင်း အပြည့်ပြမယ်၊ နောက် Bluray ပေါ်လာရင် Bluray ပြေ၊ စက်တွေ၊ ဆာဗာတွေကတော့ အသင့်ပဲ၊teachnology ပြောင်းလာရင်ပြောင်းလာတာအတွက် အဆင်သင့်ပဲ" လို့ Blue Ocean ကုမ္ပဏီမှဦးနန္ဒဖြိုးက ပြောပါတယ်။ ပြမယ့်ကားတွေကတော့ပရိုဂျက်တာ (profector)နဲ့ပြလို့ရမယ့်မြန်မာဒီဗီဒီကားတွေ၊ Avatar လို မြန်မာပြည်မှာ ပြသခွင့်ရှိတဲ့ ပြလို့ရမယ့် နိုင်ငံခြားကားတွေလို့ဆိုတယ်။ ပွဲချိန်တွေကတော့ လက်ရှိပြည်တွင်းမှာပြနေတဲ့ ပွဲချိန်တွေနဲ့တူမှာမဟုတ်ဘဲ သည်အချိန်သည်ကားပြပြီး၊ နောက်တစ်ချိန်နောက်တစ်ကားပြောင်းပြမယ်လို့သိရတယ်။ တစ်နေ့ကို သုံးကားလောက်အထိ ပြမှာဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ ၅ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

## စက်ဖြင့်ဖတ်ရှုစစ်ဆေးနိုင်သော နိုင်ငံကူးလက်မှတ်သစ်များထုတ်ပေးသွားရန်ရှိခြင်းကြောင့် မြန်မာသံရုံးများရှိရာ နိုင်ငံများတွင် နိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းများကို ခေတ္တရပ်ဆိုင်းထားမည်

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ စက်ဖြင့် ဖတ်ရှုစစ်ဆေးနိုင်သော နိုင်ငံကူးလက်မှတ်သစ်များကိုလာမည့် ဧပြီလဆန်းတွင် စတင်ထုတ်ပေးသွားရန်ရှိသည့်အတွက် မြန်မာသံရုံးဖွင့်လှစ်ထားရာနိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့်နိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးခြင်းနှင့် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းကိစ္စရပ်များကို ခေတ္တရပ်ဆိုင်းထားကြောင်းသိရှိရသည်။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ စက်ဖြင့်ဖတ်ရှုစစ်ဆေးနိုင်သောနိုင်ငံကူးလက်မှတ်များ Machine Readable Passport –MRP ကိုထုတ်ပေးရန်စီစဉ်လျက်ရှိသဖြင့်နိုင်ငံခြားရေးဝန်ကြီးဌာန၏ညွှန်ကြားချက်အရမြန်မာသံရုံးများရှိရာနိုင်ငံများတွင်သာမန်နိုင်ငံကူးလက်မှတ်များသက်တမ်းတိုးခြင်း နှင့်အသစ်ပြုလုပ်ခြင်းလုပ်ငန်းများကို ယခုနှစ်ဧပြီလ ၁ရက်နေ့မှ ဧပြီလ၃၀ရက်နေ့အထိ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်းသိရသည်။ ယင်းကာလအတွင်း နိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားများအနေဖြင့် သက်တမ်းတိုးလုပ်ငန်းကိုမတ်လ၃၁ရက်နေ့နောက်ဆုံးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်းလည်းသံရုံးအသီးသီးတွင် ကြေညာထားသည်ဟုသိရသည်။ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း၉၂နိုင်ငံနှင့်သံတမန်ဆက်သွယ်ထားပြီးနှစ်နိုင်ငံသံတမန်အပြန်အလှန်ထားဆက်သွယ်၍သံအမတ်ကြီးခန့်အပ်ထားရှိသော မြန်မာသံရုံး ၃၀ရှိကြောင်းသိရသည်။ အဆိုပါ နိုင်ငံတကာ ရှိမြန်မာသံရုံးများတွင် ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်စက်များတပ်ဆင်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ ၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## စည်းကမ်းမလိုက်နာ၍ ပြောင်းရွှေ့ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၅၀၀ကျော် နေရာတွင် တပ်ဖွဲ့ဝင်အသစ်များအားဖြည့်

ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ စည်းကမ်းမလိုက်နာသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်တချို့အား ပြည်နယ်နှင့်တိုင်းတပ်ရင်း ရဲတပ်ဖွဲ့အသီးသီးသို့ ပြောင်းရွှေ့၍ တာဝန်ထမ်းဆောင်စေခဲ့ပြီးနောက် လစ်လပ်သွားသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ နေရာများတွင် တပ်ဖွဲ့ဝင်အသစ်များဖြင့် ပြန်လည်အားဖြည့်ထားကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံ အရာရှိတစ်ဦးက ပြောသည်။ ယာဉ်ထိန်းတပ်ဖွဲ့မှ အသစ်ခန့်အပ်ထားသောတပ်ဖွဲ့ဝင်များမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ(သို့)ဖြေဆိုထားသူ၊သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပြီးယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ဝါသနာပါသူများကို ရမည်းသင်း၊ ဝက်ထီးကန်၊ တောင်လေးလုံးစသည့် ရဲလေ့ကျင့်ရေး သင်တန်းကျောင်းများတွင် အခြေခံ တပ်သားသစ် သင်တန်းများ တက်ရောက်စေပြီး ပြည်နယ်နှင့်တိုင်း တပ်ရင်းများတွင် ဦးစွာတာဝန်ထမ်းဆောင်စေခဲ့ကြောင်း သိရသည်။ "အခုထပ်မံခန့်ထားတဲ့ တပ်ဖွဲ့ဝင်တွေက ပြည်နယ်၊ တိုင်းယာဉ်ထိန်းတပ်ဖွဲ့များမှာသတ်မှတ်အရည်အချင်းပြည့်ပမီသူကျွန်တော်တို့စုဆောင်းထားတဲ့ ယာဉ်ထိန်းတပ်ဖွဲ့ဝင် အသစ်လေးတွေပါ။ ရန်ကုန်မှာက မော်တော်ယာဉ်တွေ လုပ်သားပြည်သူတွေ တစ်နေ့တခြားများလာတဲ့အတွက် မိမိတို့တပ်ဖွဲ့ဝင်များ ထပ်မံအင်အားဖြည့်ဆောင်ရွက်သွားမှာပါ။ အခုခန့်တဲ့တပ်ဖွဲ့ဝင်တွေက ၂၀၀၇ခုနှစ်က စည်းကမ်းမလိုက်နာသူ၊ လာဘ်ပေးလာဘ်ယူဆောင်ရွက်ခဲ့တဲ့ ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၅၀၀ကျော်နေရာမှာ အားဖြည့်ထားတာပါ" ဟု ၄င်းမှ ဆက်လက်ပြောကြားသည်။ ယခု ထပ်မံအားဖြည့်ထားသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကို မြောက်ဒဂုံ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ ကိုယ်စီတာဝန်၊ ဝတ္တရားများကို ထပ်မံ၍ သင်တန်းတစ်လတက်ရပြီး ဖြည့်ဆည်းထားရှိသည့် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်အသစ် ၁၀၀ဦး ခန့်ရှိကြောင်း သိရသည်။ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ထပ်မံဖြည့်ဆည်းသွားဦးမည်ဖြစ်ကြောင်း၂၀၁၀ခုနှစ်မတ်လ ၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံကူးလက်မှတ်များကို Optical ဘားကုတ်စနစ်( OCRB) ကျင့်သုံးသင့်နေပြီ

အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်မှ နိုင်ငံတကာတွင်ဘားကုတ်စနစ်ကျင့်သုံးသော နိုင်ငံကူးလက်မှတ်များကို ၂၀၁၀ပြည့်နှစ် ဧပြီလ၁ရက်နေ့မှစတင်၍ သုံးစွဲကြရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ခြင်း၊ ၂၀၁၅ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ လက်ဖြင့်ရေးသားထားသောနိုင်ငံကူးလက်မှတ်များသုံးစွဲခွင့်လုံးဝရပ်ဆိုင်းရမည်ဟူသောဆုံးဖြတ်ချက်များချမှတ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံကူးလက်မှတ်များကို Optical ဘားကုတ်စနစ်ကျင့်သုံးသင့်ပြီးဖြစ်သည်။ ဘားကုတ်စနစ်ကျင့်သုံးသည့်နိုင်ငံကူးလက်မှတ်များသည်ဓာတ်ပုံကတ်ခွာစနစ်မဟုတ်သောကြောင့် အတုပြုလုပ်နိုင်ရန်ခက်ခဲသည်။ ကွန်ပျူတာစနစ်ကို အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့ချုပ်မှ နိုင်ငံတကာတွင်ဘားကုတ်စနစ်ကျင့်သုံးသော နိုင်ငံကူးလက်မှတ်များကို ၂၀၁၀ပြည့်နှစ် ဧပြီလ၁ရက်နေ့မှစတင်၍ သုံးစွဲကြရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ခြင်း၊ ၂၀၁၅ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ လက်ဖြင့်ရေးသားထားသော နိုင်ငံကူးလက်မှတ်များသုံးစွဲခွင့်လုံးဝရပ်ဆိုင်းရမည်ဟူသော ဆုံးဖြတ်ချက်များချမှတ်ခဲ့ခြင်းကြောင့်မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံကူးလက်မှတ်များကို Optical ဘားကုတ်စနစ်ကျင့်သုံးသင့်ပြီဖြစ်သည်။ ဘားကုတ်စနစ်ကျင့်သုံးသည့်နိုင်ငံကူးလက်မှတ်များသည် ဓာတ်ပုံကတ်ခွာစနစ်မဟုတ်သောကြောင့် အတုပြုလုပ်နိုင်ရန်ခက်ခဲသည်။ ကွန်ပျူတာစနစ်ကိုအသုံးပြုထားသောကြောင့် လူတစ်ယောက်၏ အချက်အလက်များကို အချိန်တိုအတွင်း သိရှိနိုင်ခြင်း၊ ဖြန့်ဝေနိုင်ခြင်းတို့ကြောင့်နိုင်ငံကူးလက်မှတ်ထုတ်ပေးရာတွင် ပိုမိုအသုံးဝင်မည်ဖြစ်သည်။ ယခုအခါ ဘားကုတ်စနစ်ကျင့်သုံးသော နိုင်ငံကူးလက်မှတ်များကို ဖတ်ရှုစစ်ဆေးနိုင်သောစက်များ၊ မြန်မာနိုင်ငံတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အသုံးပြုနိုင်ရန်စတင်တပ်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဥရောပ၊ အမေရိကနှင့်စင်ကာပူ စသည့်တိုးတက်သည့် တိုးတတ်ဆဲနိုင်ငံများတွင် ယင်းစနစ်ကိုအသုံးပြုနေကြပြီဖြစ်သောကြောင့် မြန်မာနိုင်ငံတွင်လည်း ဘားကုတ် စနစ်ကျင့်သုံးသည့် နိုင်ငံကူးလက်မှတ်များထုတ်ဝေမှသာလျှင် နိုင်ငံတကာသို့ဝင်ထွက်၊ သွားလာရာတွင် လွယ်ကူအဆင်ပြေမည်ဖြစ်သည်။ သို့ဖြစ်၍မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရာတွင် သင်္ဘောသားနိုင်ငံကူးလက်မှတ် သာမန်နိုင်ငံကူးလက်မှတ်၊ သံတမန်နိုင်ငံကူးလက်မှတ်များသည်နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက် နေရသောကြောင့်ဘားကုတ်စနစ်ကျင့်သုံးသောနိုင်ငံကူးလက်မှတ်များစတင်ထုတ်ဝေသင့်ပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ ၄ရက်နေ့ထုတ် Myanmar Newsweek ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရံဖန်ရံခါလေပြင်းတိုက်ခတ်နိုင်ကြောင်း သတိပေးချက် မြန်မာ့မိုး/ဇလ ထုတ်ပြန်

ပူပြင်းခြောက်သွေ့သည့် ယခုလမှစ၍ မေလခန့်အထိ ပြည်တွင်း၌ နေ့အပူချိန်များ သိသိသာသာတိုးလာမည်ဖြစ်ရာ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ ရံဖန်ရံခါလေပြင်းများ ခေတ္တမျှတိုက်ခတ်ပြီး တချို့နေရာများတွင် နေရာကွက်၍ မိုးကြီးခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မြန်မာနိုင်ငံမိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ နွေရာသီသို့ ဝင်ရောက်လာမည်ဖြစ်၍ မြေပြင်သည် ပူပြင်းလာကာ ပူ၍ပေါ့သော လေများအပေါ်သို့တက်၍ အပေါ်မှ လေအေးများ ရေငွေ့ပါသော လေများ ဝင်ရောက်ခြင်းကြောင့် မိုးတိမ်တောင်များ ဖြစ်ပေါ်လာကြောင်း၊ ယခုအချိန်၌ မြန်မာနိုင်ငံတောင်ပိုင်းတွင် ဖြစ်မြဲထက် ပို၍ အပူချိန်များနေပြီး မြောက်ပိုင်းမှမူ ဖြစ်မြဲထက်ပို၍ လျော့နေကြောင်း၊ မြောက်ပိုင်းတွင် လေအေးများကြောင့် လေထုမငြိမ်သက်ခြင်းများ ပိုမိုဖြစ်ပေါ်ကာ မိုးတိမ်တောင်များ ပိုမြင့်မားတတ်ကြောင်း သိရသည်။ "မိုးတိမ်တောင်တွေကညနေပိုင်းတွေမှ အဖြစ်များတယ်။ မြောက်ပိုင်းအထက်ပိုင်းတွေမှာ မိုးသီးကြွေတာတွေ ပိုဖြစ်နိုင်တယ်။ မိုးတိမ်တောင်က လေဆယ်နာမောင်းဖြစ်တာ၊ လေဆိုက်ဆင်းဖြစ်တာ၊မိုးကြိုးပစ်တာတွေလည်း ဖြစ်နိုင်တယ်။ နေရာကွက်ကျား မိုးကြီးနိုင်တာက မြေသားမခိုင်တဲ့နေရာတွေ အတွက် အန္တရာယ်ရှိတယ်။ တောင်ကြားတွေမှာလည်း လျှပ်တစ်ပြက် ရေကြီးနိုင်တယ်" ဟု မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်းကြောင့် မြစ်ကြောင်းခရီးသွားလာနေသည့် သင်္ဘောများ၊ ရေယာဉ်များ၊ လေစိုက်ဆင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကို ဂရုပြုရန်လိုအပ်ကြောင်း၊ စိုက်ဆင်းလေပြင်းကျရောက်မည်၊ မကျရောက်ဘူးဆိုသည်ကိုအသေးစိတ်ဖော်ပြနိုင်သည့် ရေဒါမရှိသည့်အတွက် ယေဘုယျအနီးစပ်ဆုံးသာ ခန့်မှန်းနိုင်ကြောင်း သိရသည်။ ယခင်နှစ်များက မတ်လအတွင်း လေစိုက်ဆင်းကျရောက်ခြင်းကြောင့် တွံတေးတူးမြောင်းအတွင်း သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ဖူးကြောင်း ၂၀၁၀ခုနှစ် မတ်လ ၄ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## ဆင်ဆာလက်မှတ်ရှိသောအခွေများ ကူးယူဖြန့်ချိပါက ထောင်ဒဏ်ဖြင့်ပါအရေးယူမည်

ထုတ်လုပ်ဖြန့်ချိသူ၏ ခွင့်ပြုချက်မရှိဘဲ ဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုဇာတ်ကားခွေများကို စီးပွားရေးအတွက် ကူးယူဖြန့်ချိ ငှားရမ်းပြသခြင်းများ ပြုလုပ်လျှင် ငွေဒဏ်သာမက ထောင်ဒဏ်ဖြင့်ပါ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ပြုလုပ်သူများကို ဗီဒီယိုအခြေခံအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကူအညီရယူပြီး ရယကများနှင့် ပူးပေါင်းဖမ်းဆီး၍ ဥပဒေအရတရားစွဲဆိုခြင်း၊ နစ်နာမှုလျော်ကြေးများကို တရားရုံးတွင်တရားဝင်တောင်းဆိုသွားရန်နှင့်ထိရောက်သောထောင်ဒဏ်ကိုပါ ကျခံသွားရမည်ဖြစ်ကြောင်း သိရသည်။ "ခိုးကူး၊ ပွားကူးခွေတွေကို နယ်တွေမှာရော ရန်ကုန်မှာပါ ဖြန့်နေတာ တွေ့ရပါတယ်။ ဒါတွေကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမယ် ဆိုတဲ့ စာထွက်ထားတာကတော့ ကြာပါပြီ။ ဒါပေမဲ့ ဒီလိုထိထိရောက်ရောက်လုပ်သလားလို့ ကျွန်တော်တို့က နယ်တွေမှာရော ရန်ကုန်မှာပါ ဈေးကွက်ထဲမှာကြည့်တော့ ထိထိရောက်ရောက် လုပ်ထားတာ မတွေ့ရှိပါဘူး။ ဆင်ဆာအဖွဲ့အနေနဲ့ကတော့ ကျွန်တော်တို့ထုတ်လုပ်သူတွေကို ဗီဒီယိုဇာတ်ကားတွေဈေးလျှော့ရောင်းဖို့တော့ ပြောပြထားပါတယ်။ညှိနှိုင်းဆောင်ရွက်မှုတွလဲ လုပ်နေပါတယ်။ ခိုးကူးနဲ့ပတ်သက်ပြီးတော့ ထိထိရောက်ရောက်နဲ့ သူတို့ဘက်ကလုပ်တာတော့မရှိသေးပါဘူး။ဥပဒေအရဥပဒေအတိုင်းဆောင်ရွက်မယ်ဆိုရင်ကျွန်တော်တို့အနေနဲ့လဲ ဆုံးရှုံးမှုတွေအတွက် ပါဝင်ကြမှာပါ။ အဓိက က အရင်တုန်းက ဆင်ဆာအဖွဲ့အနေနဲ့ ထိထိရောက်ရောက်လုပ်ခဲ့ရင် ဘာမှမဖြစ်လာပါဘူး။ ဥပဒေအတိုင်းလုပ်ခဲ့ရတယ်ပေါ့။ အခုလို ထိထိရောက်ရောက်ဆောင်ရွက်တော့မယ်ဆိုရင် ထုတ်လုပ်သူတွေအတွက် သိပ်ကောင်းပါတယ်" ဟုဆာတိုရီဗီဒီယိုထုတ်လုပ်ရေးမှထုတ်လုပ်ရေးမန်နေဂျာဦးဇင်မောင်လတ်က ပြောသည်။အဆိုပါပြစ်ဒဏ်ပေးဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁ရက်တွင် ကျင်းပသော မြန်မာနိုင်ငံရုပ်ရှင်အစည်းရုံးဗီဒီယိုအခြေခံအဖွဲ့(ဗဟိုနှင့်ပြည်နယ်/တိုင်း/ခရိုင်ဗီဒီယိုအခြေခံအဖွဲ့များ မျက်နှာစုံညီနှစ်ပတ်လည်အစည်းအဝေး (၂၀၀၉-၂၀၁၀)မှ အစည်းအဝေးဆုံးဖြတ်ချက်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ ၄ရက်နေ့ထုတ်ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပို့ကုန်သွင်းကုန် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပြု

ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီနဲ့ အဖွဲ့အစည်းတွေ ရန်ကုန်ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းတချို့ကို BOT (Build Operate Transfer)စနစ်နဲ့လုပ်ကိုင်ခွင့်ပြုကြောင်းဖေဖော်ဝါရီ ၂၂ရက် သတင်းစာမှာ ဖော်ပြပါတယ်။ လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ ဗိုလ်တထောင်၊ ဗိုလ်အောင်ကျော်၊ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်း၊ ကျန်းမာရေးနဲ့ ဆူးလေ ဆိပ်ကမ်း နေရာတွေအပြင် အလုံဆိပ်ကမ်း ဒေသကနေ ဗိုလ်တထောင်သန်လျက်စွန်း ဒေသအထိ ဆိပ်ကမ်းမြေနေရာသစ်တွေ ထပ်မံဖော်ထုတ်ပြီး လုပ်ကိုင်ခွင့်ပြုတာဖြစ်တယ်လို့ ဆိုပါတယ်။ "ပုဂ္ဂလိကပိုင် ဆိပ်ကမ်းတွေများပြားလာရင် ဝန်ဆောင်မှုတွေအပြိုင်ပေးလာမှာမို့ ဆိပ်ကမ်းအသုံးပြုတဲ့ ကုန်သည်တွေအတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းတွေကို မြန်မြန်ဆန်ဆန် ပိုလုပ်လာနိုင်မယ်"လို့ လေ့လာသူတစ်ဦးက သူ့အမြင်ကို ပြောပါတယ်။ B.O.T စနစ်ဆိုတာက လုပ်ငန်းရှင်ကကိုယ်ပိုင်အရင်းအနှီးနဲ့တည်ဆောက်ပြီးလုပ်ငန်းလုပ်ကိုင်ရမယ်။သတ်မှတ်ကာလရောက်ရင် ဆိုင်ရာကိုပြန်အပ်ရတဲ့ စနစ်မျိုးပါ။ လက်ရှိလုပ်ငန်းလုပ်ကိုင်နေတဲ့ ဆိပ်ကမ်းတွေက ဆောက်လုပ်ပြီးသား တန်ဖိုးအတိုင်းနဲ့ လုပ်ငန်းမရှိသေးတဲ့ ဆိပ်ကမ်းမြေနေရာသစ်တွေက မြေကွက်လပ်တန်ဖိုးအတိုင်း ပေးရမယ်လို့ဆိုပါတယ်။ ရန်ကုန်မြစ်ဆိုတာက ပင်လယ်ကူးသင်္ဘောအဓိကဝင်ထွက်တဲ့နေရာမျိုးပါ။ ပြည်တွင်းက မြစ်တွင်းသွားသင်္ဘောတွေ အသွားအလာနည်းပါတယ်။ ရန်ကုန်မြစ်ရဲ့ အတွင်းစည်းခုံနဲ့ အပြင်စည်းခုံသောင်တူးခြင်း၊ ရေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ကန်ထရိုက်စနစ်နဲ့ ပုဂ္ဂလိကကို လုပ်ကိုင်ခွင့်ပြုတာကြောင့် ပြင်ပက ရေဘက်ဆိုင်ရာ အင်ဂျင်နီယာ၊ တိုင်းတာရေးသမားတွေ ဝင်ရောက်လုပ်ကိုင်လာနိုင်တယ်။ မြစ်တွင်းသောင်တူးတဲ့ သင်္ဘောတွေကို ပုဂ္ဂလိက လုပ်ငန်းရှင်တွေ နိုင်ငံခြားကတင်သွင်းမှာယူဖို့ လိုလာမယ်လို့ လေ့လာသူများက သုံးသပ်ပြောကြားကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ မတ်လ ၄ရက်နေ့မှ ၁၀ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် နှစ်ရက်မှ သုံးရက်ခန့်နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နှစ်ရက်ခန့်နံနက်ပိုင်းတွင် မြူထုများဆိုင်းနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် ၃၀စင်တီမီတာ(တစ်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပြီး ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ (ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## ဂရိကြွေးမြီလျှော့ချရန် ၄င်းပိုင်ကျွန်းအချို့ရောင်းချသင့်

ကြွေးမြီပြဿနာဖြင့် အတိဒုက္ခရောက်လျက်ရှိသော ဂရိနိုင်ငံ၏ အေဂီယန်ပင်လယ်အတွင်းတွင် နိုင်ငံပိုင် ကျွန်းငယ်ပေါင်း ခြောက်ထောင်ခန့်ရှိသည်။ ၄င်းအနက် ကျွန်းပေါင်း ၂၂၇ခုတွင်သာ လူများနေထိုင်ကြသည်။ အများစုမှာ ကမ္ဘာတွင် အချမ်းသာဆုံးသော သင်္ဘောလုပ်ငန်းပိုင်ရှင်ကြီးများက ကိုယ်ပိုင်ဝယ်ယူ၍ ဖိမ်ခံအနားယူရန် အသုံးပြုသောကျွန်းများဖြစ်သည်။ လောလောဆယ် နိုင်ငံ၏ ကြွေးမြီများကို ထိရောက်စွာ လျှော့ချနိုင်ရန် ဖော်ပြပါ ကျွန်းများအနက်မှ အချို့အဝက်ကို ထုတ်ရောင်းသင့်သည်ဟု ဂျာမနီနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့က အကြံပြုပြောဆိုသည်။ ယခုအပတ်နှောင်းပိုင်းတွင် ကျင်းပရန်ရှိသော အစည်းအဝေး၌ ၄င်းကိစ္စကို ထည့်သွင်းဆွေးနွေးမည်ဟု သိရှိရသည်။ (ဘီဘီစီ)

## ကင်ညာနိုင်ငံ ဆန်ဘူရူးဘေးမဲ့ကြိုးဝိုင်းအတွင်း ရေလွှမ်းမိုးမှုဖြစ်ပွား

အာဖရိကတိုက် ကင်ညာနိုင်ငံမြောက်ပိုင်းတွင် ယမန်နေ့က နာရီများစွာ မိုးသည်းထန်စွာရွာသွန်းသဖြင့် ယူအာဆိုနီရိုမြစ်သည် ရေလျှံပြီးလျှင် ကမ်းပါးများကို တိုက်စား၍ မနီးမဝေးတွင်ရှိသော နာမည်ကျော် ဆန်ဘူရူး တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တောဒေသတွင်းသို့ ရေများစီးဝင်လာခဲ့သည်။ ၄င်းဘေးမဲ့တောတွင်အပန်းဖြေလေ့လာရေးခရီး ရောက်ရှိနေကြသော ခရီးသည် ၁၇ဦးသည် အဆောက်အဦခေါင်မိုးများပေါ်နှင့် သစ်ပင်များပေါ်သို့ တက်ရောက်၍ နေခဲ့ကြရသည်။ ၄င်းတို့တည်းခိုရာအဆောင်များရေမြုပ်သည့်အပြင်ကားများ ရေစီးနှင့်မျောပါသွားခဲ့ကြသည်။ တံတားခြောက်စင်းခန့် ပျက်စီးသွားခဲ့သည်။ အနီးနားတွင်ရှိသော စစ်တပ်လေ့ကျင့်ရေးစခန်းမှ ရဟတ်ယာဉ်များ လာရောက်၍ ခရီးသွား ၁၇ဦးစလုံးကို ကယ်တင်နိုင်ခဲ့သည်။ ၄င်းဒေသသည် လွန်ခဲ့သောလများအတွင်းက ၁၅နှစ်အတွင်း အလွန်ဆိုးဝါးသော မိုးခေါင်ရေရှားမှုဒဏ်ကို ခံခဲ့ရသည်။ (ဘီဘီစီ)

## ဘောလ်တစ်ပင်လယ်အတွင်း ခရီးသည်တင်နှင့် ကုန်တင်သင်္ဘောများ ရေခဲများအကြားပိတ်မိ

ယမန်နေ့က ဘောလ်တစ်ပြည်နယ် စတော့ဟုန်းနှင့် အလမ်းကျွန်းကြားတွင် ရာသီဥတု အေးလွန်းသဖြင့် နှင်းများကျရောက်၍ ပင်လယ်ရေပြင်တစ်ခုလုံး ခဲသွားခဲ့သည်။ လေပြင်းများလည်း ကျရောက်လျက်ရှိသည်။ ထိုအချိန်တွင် ဒေသတွင်းရောက်ရှိနေသော ဖင်လန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံသွား ခရီးသည်တင် ဖယ်ရီသင်္ဘောများ ရေခဲများကြားတွင် ပိတ်မိနေခဲ့သည်။ ခရီးသည် တစ်ထောင်ကျော်ခန့် သင်္ဘောများပေါ်တွင် ရှိနေကြသည်။ ကုန်သင်္ဘောအချို့လည်း ဘော့သနီးယား ပင်လယ်ကွေ့အတွင်း ရေခဲများဖြင့် ပိတ်မိနေခဲ့ကြသည်။ ပိတ်မိနေသော သင်္ဘောများအား ဆွဲယူနိုင်ရန် ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့မှ ရေခဲခွဲသင်္ဘောများကို စေလွှတ်ထားပြီဖြစ်သည်။ (ဘီဘီစီ)

## တရုတ်တိုင်ပေ တောင်ပိုင်းတွင် အင်အားပြင်း ငလျင်လှုပ်

တရုတ်တိုင်ပေ၏ တောင်ဘက်စွန်းဒေသ ခေါင်ရှုန်ခရိုင် ကျားရှန်မြို့အနီးကိုဗဟိုပြု၍ ယနေ့နံနက်စနာရီအချိန်ခန့်တွင်အင်အား ၆.၄ရှိသောငလျင်တစ်ခုလှုပ်ခတ်သွားခဲ့သည်။ မြေအောက် 30km ကို ဗဟိုပြု၍ လှုပ်ခတ်သွားသော ငလျင်ကြောင့် ခေါင်ရှုန်မြို့တွင် အဆောက်အဦများ တုန်ခါသွားခဲ့သည်။ မြောက်ပိုင်းတွင်ရှိသော မြို့တော် တိုင်ပေတွင်လည်းငလျင်လှုပ်ခတ်မှုကို ခံစားကြရသည်။ လောလောဆယ်တွင် အသေအပျောက်၊ အပျက်အစီးစာရင်းများမသိရှိရသေးပေ။ ဆူနာမီသတိပေးချက် ထုတ်ပြန်မှုလည်း မရှိချေ။ တရုတ်တိုင်ပေသည် ကျောက်သားလွှာနစ်ခု ဆုံရာတွင်တည်ရှိသဖြင့် ငလျင်ဒဏ်မကြာခဏခံစားရသည်။ (အေအက်ဖ်ပီ)

## မြောက်ကိုရီးယား၏ လက်နက်တင်သင်္ဘောအား တောင်အာဖရိကဖမ်းဆီး

မြောက်ကိုရီးယားနိုင်ငံမှ စစ်လက်နက်ပစ္စည်းများ တင်ဆောင်၍ ကွန်ဂိုနိုင်ငံသို့ ထွက်ခွာလာသော သင်္ဘောတစ်စီးကို တောင်အာဖရိက တပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ လက်နက်ပစ္စည်းများတွင် တင့်ကားအပိုပစ္စည်းများ အများအပြားပါရှိရာ ၄င်းတို့ကို ကွန်တိန်နာများအတွင်း ဆန်အိတ်များဖြင့် ဖုံးအုပ်၍ သယ်ဆောင်လာခြင်းဖြစ်သည်။ လတ်တလောတွင် ကွန်ဂိုနိုင်ငံ၌ ဆူပူလှုပ်ရှားမှုများ ဖြစ်ပွားလျက်ရှိသည်။ ကုလသမဂ္ဂမှ မြောက်ကိုရီးယားနိုင်ငံအပေါ် လက်နက်ရောင်းဝယ်မှုများနှင့်ပတ်သက်၍ပိတ်ပင်တားဆီးထားခြင်းကြောင့် တောင်အာဖရိကမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောဒီဇင်ဘာလကလည်း မြောက်ကိုရီးယားနိုင်ငံမှ လက်နက်မျိုးစုံ ၃၅တန်ခန့် တင်ဆောင်လာသော လေယာဉ်တစ်စီးကို ထိုင်းနိုင်ငံမှ ဖမ်းဆီးခဲ့သည်။ (ဘီဘီစီ)

## အင်ဒိုနီးရှားနိုင်ငံ Bank Century ဘဏ်အား ကယ်တင်ရေးကိစ္စ ဆန္ဒပြမှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ရှိ Bank Century အမည်ရှိ ဘဏ်သည် ပြိုလဲတော့မည့် အခြေအနေတွင်ရှိနေသည်။ ၄င်းဘဏ်အားနိုင်ငံပိုင်ငွေကြေးဖြင့်ပြန်လည်ကယ်တင်ရန် သင့်မသင့်ကို လွှတ်တော်တွင် အင်္ဂါနေ့က ဆွေးနွေးမှုများပြုလုပ်နေစဉ် ရာပေါင်းများစွာသော ဆန္ဒပြသမားများက လွှတ်တော်ပြင်ပတွင်ဆန္ဒပြနေခဲ့သဖြင့် ရဲဘက်မှမျက်ရည်ယိုဗုံးများ ရေပိုက်များဖြင့် လူစုခွဲခဲ့ရသည်။ ၄င်းဘဏ်သည်ယမန်နှစ်အတွင်း ဒေါ်လာ၇၂၄သန်း အရှုံးပေါ်ခဲ့သဖြင့် နလန်ပြန်မထူနိုင်အောင် ဖြစ်ခဲ့ရသည်။ ယင်းကိစ္စအား စုံစမ်း စစ်ဆေးသူများက ကယ်တင်ရေးအစီအစဉ်တွင် စည်းမျဉ်းဥပဒေ ချိုးဖောက်မှုများ တွေ့ရှိနေရသဖြင့် အသေးစိတ် ပြန်လည်စစ်ဆေးရန် အဆိုပြုတင်ပြခဲ့ကြသည်။ (အေအက်ဖ်ပီ)

## အင်ဒိုနီးရှားတွင် အကြမ်းဖက် ၁၃ဦးဖမ်းဆီးရမိ

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် အကြမ်းဖက်ဆန့်ကျင်ရေး စစ်ဆင်ရေးတစ်ခုကို ပြုလုပ်ခဲ့ရာ လွန်ခဲ့သောအပတ်အတွင်း သင်္ကာမကင်းသူ ၁၃ဦးကိုဖမ်းဆီးရရှိခဲ့သည်။ အာချေးဒေသ၏ သစ်တောတစ်ခုအတွင်းတွင် စစ်သွေးကြွ ၅၀ခန့်သည် လက်နက်အပြည့်အစုံဖြင့်စစ်ရေးလေ့ကျင့်နေသည်ကို တွေ့ရှိရ၍ဝင်ရောက်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။လက်နက်များ ၊ ယူနီဖောင်းများ၊ ဝါဒဖြန့်စာရွက်စာတမ်းများဖြင့် ၂၀၀၂ခုနှစ်က ဘာလီကျွန်း အပန်းဖြေစခန်းတွင် ဗုံးခွဲခဲ့သည့် ဗီဒီယိုအခွေများကိုပါ ဖမ်းဆီးရမိခဲ့သည်။ ၄င်းစစ်သွေးကြွများသည် နိုင်ငံအနှံ့အပြားမှ လာရောက်ကြခြင်းဖြစ်၍ ၄င်းတို့သည် ပြင်ပနိုင်ငံများတွင် စစ်သင်တန်းများ သင်ကြားခဲ့ကြသူများဖြစ်ကြသည်။(အေအက်ဖ်ပီ)

## ရှင်ကျန်ဒေသတွင် နှင်းမုန်တိုင်းကျရောက်

တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်ဝေဂေါ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တစ်ပတ်ကြာမျှ နှင်းထုထပ်စွာ ကျရောက်၍ နှင်းတောင်ပြိုမှုများ ဖြစ်ပွားခဲ့သည်။ နီကာခရိုင် ကျောက်မီးသွေးတွင်းဒေသတွင် လူပေါင်း(၁၃၅)ဦး အဆက်အသွယ်ပျက်၍ ပိတ်မိနေခဲ့သည်။ ရဟတ်ယာဉ်များဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို ဘေးလွတ်ရာသို့ ပေးပို့ပြီး လျှင် ကျန်လူများအတွက် ရိတ်ကျွာနှင့်ဆေးဝါးများ လုံလောက်အောင်ပေးပို့နိုင်ခဲ့သည်။ ဟေကျင်းခရိုင်တွင်မွေးမြူရေးလုပ်ငန်းရှင(၃၀၀)ခန့်နှင့်တိရစ္ဆာန်များသည်လည်းနှင်းကျမှုကြောင့် အတိဒုက္ခရောက်လျက်ရှိသည်။ ရှင်ကျန်ဒေသတွင် ဆယ်စုနှစ်အတွင်း အအေးဆုံးရာသီဥတုနှင့် အပြင်းထန်ဆုံး နှင်းကျမှုကို တွေ့ကြုံရခြင်းဖြစ်၍ နှင်းတောင်ပြိုကျမှုကြောင့် လူ(၇)ဦး သေဆုံးခဲ့သည်။ (ဆင်ဟွာ)

## ဥရောပအနောက်ပိုင်းတွင် မုန်တိုင်းဝင်မွှေ

စင်သီတာအမည်ရှိ တိုက်ဖုံးမုန်တိုင်းတစ်ခုသည် ယမန်နေ့က ပေါ်တူဂီနိုင်ငံမှ တစ်နာရီလျှင် (၁၄၀)kmနှုန်းဖြင့်စတင်တိုက်ခတ်ခဲ့သည်။၎င်းမုန်တိုင်းသည်ဗစ်စကေးပင်လယ် အော်ကိုဖြတ်၍ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့ရှားပြီးလျှင် ပြင်သစ်၊ ဘယ်ဂျီယံနှင့် ဂျာမနီတို့သို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သည်။ ၎င်း၏ အရှိန်ကြောင့် ကမ်းရိုးတန်းဒေသများ တွင် လှိုင်းလုံးကြီးများဖြစ်ပေါ်ပြီလျှင် ကုန်းတွင်းပိုင်းတွင် ရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ပြင်သစ်နိုင်ငံ၊ ဘန်တီးနှင့် ချာတန်တေးဒေသတို့တွင် အလွန်ဆိုးဝါးစွာ ထိခိုက်ခဲ့သည်။အဆောက် အဦများ ရေနစ်နေသဖြင့် ခေါင်မိုးများပေါ်သို့တက်ရောက်နေသောဒုက္ခသည်များအား ရဲဘက်မှ ရဟတ်ယာဉ်များဖြင့်လိုက်လံကယ်တင်လျက်ရှိသည်။လောလောဆယ်တွင်လူတစ်ဒါဇင် ကျော် ပျောက်ဆုံး၍ (၅၉)ဦး ဒဏ်ရာရရှိခဲ့သည်။ ပြင်သစ်နိုင်ငံတစ်ဝှမ်းတွင် ရေနစ်ခြင်း၊ သစ်ပင်ပြိုလဲခြင်းတို့ကြောင့် လူ(၄၅)ဦး သေဆုံးခဲ့သည်။ စပိန်၊ ပေါ်တူဂီနှင့်ပြင်သစ်နိုင်ငံအားလုံး ပေါင်းလျှင် လူ(၅၀)ကျော်သေဆုံးခဲ့သည်ဖြစ်သည်။ စပိန်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ရထားခရီးစဉ်များနှင့် လေကြောင်းခရီးစဉ်များဖြတ်သိမ်းခဲ့ရသည်။ (ဘီဘီစီ)

# သတင်းအတို

## WiFi ကြိုတင်ငွေပေးကတ်အသုံးပြုသူများ အသုံးပြု ပြီးတိုင်း Log out လုပ်ရန်လို

WiFi ကြိုတင်ငွေပေးကတ်အသုံးပြုသူများအနေဖြင့် သုံးပြီးပါက Logout လုပ်ရန်လိုအပ်ကြောင်း၊ သုံးစွဲသူတချို့ Logout မလုပ်ခြင်းကြောင့်လက်ကျန်အချိန်ဆုံးရှုံး ရခြင်းများရှိနေကြောင်းစုံစမ်းသိရှိရသည်။ "သုံးတဲ့သူတွေအနေနဲ့ သုံးပြီးလို့ရှိရင်ကိုယ့် account ကို Logout လုပ်ဖို့လိုပါတယ်။ မေ့သွားလို့မလုပ်ဖြစ်ဘူးဆိုရင် ဆက်သုံးနေသလိုမျိုးဖြစ်ပြီး လက်ကျန်အချိန်တွေကိုဆုံးရှုံးမှာဖြစ်ပါတယ်။ လက်တော့ပ်ကွန်ပျူတာတွေနဲ့ သုံးကြတာရှိသလိုစမတ်ဖုန်းတွေနဲ့ သုံးကြတာလည်း ရှိပါတယ်"ဟု RedLink ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ လက်ရှိအချိန်ထိ ယင်းကုမ္ပဏီမှကျပ် ၅၀၀၀တန် WiFi ကတ်ပေါင်း ၁၀၀၀ကျော် ရောင်းချခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ကြိုတင်ငွေပေးကတ်ဖြင့် WiFi သုံးနိုင်မည့်နေရာများမှာ ကရဝိတ်ဥယျာဉ်ကမ္ဘာ၊ စိမ်းလန်းစိုပြည်အပန်းဖြေဥယျာဉ်၊ စီးတီးမတ်(မြေနီကုန်း)၊ စီးတီးမတ် ( East Point)၊ Ocean (North Point)၊ မြရိပ်ညိုရှို်ရယ်ဟိုတယ်ရှိ Sports Barစသည့် နေရာတို့အပြင် ဟံသာဝတီကားပွဲစားဝင်း အတွင်းရှိ ရွှေပလ္လင်Scarlet တို့တွင်လည်း အသုံးပြုနိုင်ပြီးဖြစ်သည်။ WiFi ကြိုတင်ငွေပေးကတ်များကို ၂၀၀၉ခုနှစ်၊ နိုဝင်ဘာလကုန် ဒီဇင်ဘာလဆန်းတွင် ကွန်ပျူတာပစ္စည်းအရောင်းဆိုင်များ၊ မိုဘိုင်းဖုန်းအရောင်းဆိုင်များမှ တစ်ဆင့်စတင်ရောင်းချပေးခဲ့ကြောင်း ၂၀၁၀ခုနှစ် မတ်လ၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ယူနီဗာဆယ်စတူဒီယိုသို့ လည်ပတ်မည့်အစီအစဉ်ပါဝင်သော စင်ကာပူသင်္ကြန်ခရီးစဉ်စီစဉ်

စင်ကာပူနိုင်ငံတွင် မတ်လမှစတင်ဖွင့်လှစ်မည့် ဟောလီးဝုဒ်နာမည်ကျော်များ၊ ကာတွန်းသရုပ်ဆောင်ရုပ်တုများ ထားရှိမည်ဖြစ်သော ယူနီဗာဆယ်စတူဒီယိုသို့ လည်ပတ်နိုင်မည့် အစီအစဉ်ပါဝင်သည့် အကြ်န်ခရီးစဉ်တစ်ခုကို စီစဉ်ထားကြောင်း Nice Fare ခရီးသွားကုမ္ပဏီမှ သိရသည်။ သင်္ကြန်အားလပ်ရက်များတွင် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ၇ညအိပ် ၈ရက်ခရီးစဉ်ကို စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ယင်းခရီးစဉ်တွင် ယူနီဗာဆယ် စတူဒီယို အပါအဝင်စင်ကာပူနိုင်ငံ၏ အထင်ကရနေရာများ မာလိုင်းယွန်း၊ ပါလီမန်၊ Lake of Dream Casino? Mount Faber အောချက်ဇရီယာ၊ ထိုသို့ လည်ပတ်မည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး မလေးရှားနိုင်ငံသို့ ဆက်လက်သွားရောက်ကာ မလေးရှားရှိ အထင်ကရနေရာများဖြစ်သော Petronas Twin တာဝါ၊ King Palace Independence Square, Sunway Lagoon စသည့်နေရာများသို့ ပို့ဆောင်ပေးမည့်အစီအစဉ်များပါဝင်သည်ဟုဆိုသည်။ အဆိုပါခရီးစဉ်အတွက် ဗီဇာကြေး၊ ဒီဖောင်ကြေးအပါအဝင် အမေရိကန်ဒေါ်လာ ၉၉၀ကျော်ကို ဝန်ဆောင်ခအဖြစ် သတ်မှတ်ထားပြီး ဧပြီ ၁၀ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ကြောင်း၂၀၁၀ခုနှစ် မတ်လ ၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မီးလောင်မှုကိုအလွယ်တကူထိန်းချုပ်နိုင်စေရန် ဂါလံ(၈၀၀၀)ဆံ့သောမီးသတ်ရေသယ်ယာဉ်စတင်အသုံးပြု

ရန်ကုန်တိုင်း၊ မြောက်ဉက္ကလာပမြို့နယ်၊ မီးသတ်တိုင်းရုံးမှ ဝန်ကြီး၏လမ်းညွှန်ချက်နှင့်အညီရေသယ်ယာဉ်မီးသတ်ကား ဂါလံ(၈၀၀၀)ဆံသောရေသယ်ယာဉ် ကားတစ်စီးအား ထုတ်လုပ်အသုံးပြုလျက်ရှိကြောင်းသိရသည်။ သဃန်းကျွန်းဈေးကြီး မီးလောင်ရာတွင်ရေဂါလံ (၈၀၀၀)ဝင်သော ရေသယ်ယာဉ်မီးသတ်ကားကို အသုံးပြုငြိမ်းသတ်ခဲ့ရာ မီးများ အခက်အခဲမရှိလွယ်ကူစွာငြိမ်းသတ်နိုင်ခဲ့ကြောင်းယခင်ကထုတ်လုပ်ထားသော ရေဂါလံ (၁၆၀၀)ဝင်သောမီးသတ်ရေယာဉ်များကို အသုံးပြုရာ ယခုလက်ရှိတွင်ဂါလံ(၂၈၀၀)မှ (၃၅၀၀) အထိ ဆံ့သော ရေသယ်ယာဉ်အမျိုးအစားများကိုမကြာမီဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်းရန်ကုန်တိုင်းမြောက်ဉက္ကလာပမြို့နယ်၊ မီးသတ်တိုင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ယခုလက်ရှိတွင်ဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဂါလံ (၈၀၀၀)ဆံ့သော ရေသယ်ယာဉ်မီးသတ်ကား(၁၀)စီးအား ဆက်လက်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် ဂါလံ (၃၅၀၀)ဆံ့သောရေသယ်ယာဉ်မီးသတ်ကားများကို လိုအပ်သောနေရာများတွင်အသုံးပြုနိုင်ရေးအတွက် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ Myanmar Newsweek ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဒေါက်တာထွန်းလွင် (မိုး/ဇလ)ငြိမ်းမှ "WEATHER OUTLOOK FOR 2010" "၂၀၁၀ပြည့်နှစ် မိုးလေဝသဆိုင်ရာ ခန့်မှန်းချက်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ၊ (၇)ရက်နေ့မှစ၍ (၂)ပတ်လျှင်တစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။ ၂၀၁၀ခုနှစ်တွင်လည်း (၂)ပတ်လျှင်တစ်ကြိမ် ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ် (၅/၂၀၁၀)ကို NGWE ZAR PALE Co., LTD ၏ပံ့ပိုးကူညီမှုဖြင့် ဒေါက်တာထွန်းလွင် (မိုး/ဇလ)ငြိမ်းမှ "WEATHER OUTLOOK FOR 2010" "၂၀၁၀ပြည့်နှစ် မိုးလေဝသဆိုင်ရာ ခန့်မှန်းချက်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါသည်။ ယင်းဟောပြောပွဲကို ၂၀၁၀ခုနှစ်၊ မတ်လ (၆)ရက်(စနေနေ့) နေ့လည် (၂း၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်၌ ကျင်းပမည်ဖြစ်ပြီး အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း သတင်းရရှိပါသည်။

(ခေတ်လူငယ်)

## သန်လျင်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်မြတ်အား အာဆီယံအင်ဂျင်နီယာအသင်းချုပ်၏ Fellow အမှုဆောင်အဖြစ်ရွေးချယ်

သန်လျင်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်မြတ်အား အာဆီယံအတွင်းရေးမှူးချုပ်၏ ကြီးကြပ်မှုအောက်ရှိ အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာရှင်အဖွဲ့ကြီးက Fellow အမှုဆောင်အဖြစ် ရွေးချယ်အသိမှတ်ပြုလိုက်ကြောင်း သိရသည်။ ယင်းအား သာမန်အဖွဲ့ဝင်အဖြစ်မှနေ၍ ဖေဖော်ဝါရီ ၄ရက်မှစတင်ကာ အမှုဆောင်အဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "ဒီလို Fellow အဖြစ်ရွေးချယ်ခံရတော့ ကိုယ့်နိုင်ငံရဲ့အင်ဂျင်နီယာ ပညာရေးလုပ်ငန်းတွေမှာ တခြားအာဆီယံနိုင်ငံတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ခွင့်ရအောင် လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဒေါက်တာအောင်ကျော်မြတ်က ပြောသည်။ ယင်းအား ထိုသို့ Fellow အဖြစ် ရွေးချယ်အသိမှတ်ပြုခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ အင်ဂျင်နီယာပညာရေးဆိုင်ရာကဏ္ဍတွင် နည်းပညာတက္ကသိုလ်များ၌ နှစ် ၃၀ခန့်သင်ကြားပို့ချခဲ့ခြင်း၊ ဘွဲ့လွန်သုတေသနစာတမ်းများ၌ ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်း၊ အင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်များထူထောင်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ အာဆီယံအင်ဂျင်နီယာအသင်းချုပ် (ASEAN Academy of Engineering and Technology)၏ နှစ်စဉ်ကျင်းပသော ညီလာခံများသို့ စဉ်ဆက်မပြတ်တက်ရောက်ခြင်း၊ စာတမ်းများဖတ်ကြားတင်သွင်းခဲ့ခြင်း၊ မိမိနိုင်ငံ၏ အမျိုးသားအင်ဂျင်နီယာ

အသင်းတွင် အမှုဆောင်လူကြီးအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့်ဖြစ်သည်။ ထို့နောက် AFEO သည် အမျိုးသားအင်ဂျင်နီယာအသင်းများကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်သော အခွင့်အာဏာရှိပြီး အာဆီယံနိုင်ငံအစိုးရများကို အင်ဂျင်နီယာဆိုင်ရာကိစ္စရပ်များအား အကြံပြုနိုင်သော အဖွဲ့အစည်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ ၄ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## တောင်ကိုရီးယားဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းက ရခိုင်ကမ်းလွန်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ ပိုက်လိုင်းဆိပ်ကမ်းအပါအဝင် ဆက်စပ်လုပ်ငန်းများကို တည်ဆောက်မည်

တောင်ကိုရီးယားဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းက ရခိုင်ကမ်းလွန်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ အမေရိကန်ဒေါ်လာ  ၁ဒသမ ၄ဘီလျံတန်ဖိုးရှိသော ပိုက်လိုင်း၊ ဆိပ်ကမ်းအပါအဝင် ဆက်စပ်လုပ်ငန်းများကို တည်ဆောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရသိရသည်။ ယင်းကဲ့သို့တည်ဆောက်ရန်အတွက် တောင်ကိုရီးယား ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းက တောင်ကိုရီးယား ဒေဝူးအပြည်ပြည်ဆိုင်ရာကုမ္ပဏီနှင့် ဖေဖော်ဝါရီလ ၂၃ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် တည်ဆောက်မှုကို ၂၀၁၃ခုနှစ် မတ်လနောက်ဆုံးထား ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ကမ်းလွန်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ကမ်းလွန်လုပ်ကွက်တွင် သဘောဝဓာတ်ငွေ့ကုဗပေ ၄ဒသမ ၅ထရီလျံမှ ၇ဒသမ ၇ထရီလျံကြားရှိနိုင်ကြောင်း ခန့်မှန်းထားပြီး စီမံကိန်းမှ နှစ်ပေါင်း ၂၅နှစ်မှ ၃၀နှစ်အတွင်း တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေ သန်း၅၀၀ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ဒေဝူးအပြည်ပြည်ဆိုင်ရာကုမ္ပဏီသည် ရခိုင်ကမ်းလွန်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှရရှိသော သဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံသို့ ၂၀၀၃ခုနှစ် မေလတွင် စတင်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။  မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းကို နိုင်ငံခြားရေနံကုမ္ပဏီ ၁၀ခုကျော်မှ ရှာဖွေတူးဖော်လျက်ရှိကြောင်းနှင့် အဆိုပါကုမ္ပဏီအများစုမှာ ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ မလေးရှား၊ ထိုင်းနှင့် ရုရှားနိုင်ငံတို့မှဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ ၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့ဆန်များ အရည်အသွေးညံ့ဖျင်းကြောင်း ဂါနာ FDA ထုတ်ပြန်ကြေညာခဲ့ခြင်းသည် ရှုံးစာ- ရှုံးတံဆိပ်အတုနှင့် ကြေညာချက်အတုများသာဖြစ်

မြန်မာနိုင်ငံမှ တင်ပို့သော ဆန်များသည် အရည်အသွေးပြည့်မီခြင်းမရှိကြောင်း ဂါနာနိုင်ငံမှ ထုတ်ပြန်ကြေညာချက်သည် SIERRA LEONE နိုင်ငံ FREE TOWN မြို့ကျန်းမာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ကျန်းမာရေးထိန်းသိမ်းမှုဌာနခွဲ၏ ရှုံးစာ၊ ရှုံးတံဆိပ်အတုများနှင့် ကြေညာချက်အတုများပြုလုပ်ပြီး ဂါနာသတင်းစာများတွင်ဖော်ပြခဲ့သောကြောင့် ( Universal Navigation Pte Ltd (UNPL)မှ တာဝန်ရှိသူများက FREE TOWN မြို့သို့ သွားရောက်ဖြေရှင်းရာမှ ကြေညာချက်အတုဖြစ်နေကြောင်းတွေ့ ရှိရသဖြင့် ဥပဒေကြောင်းအရရင် ဆိုင်မှုပြုလုပ်နေပြီဖြစ်ကြောင်း သိရှိရသည်။ ဖြစ်စဉ်မှာ UNPL ကုမ္ပဏီမှ ဧည့်မထဆန်တန်ချိန် ( ၁၆၅၀၀)ကိုM.V Stefanis သင်္ဘောဖြင့် ဂါနာနိုင်ငံ Conakary မြို့သို့တင်ပို့ခဲ့သည်။  သို့သော်ဂါနာနိုင်ငံ၌ ပြည်တွင်းရေး မငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းအပေါ် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်နေသဖြင့် ဂါနာဆိပ်ကမ်းတွင် ကုန်ချရန်မဖြစ်နိုင်သောကြောင့် Sierra Leone ဆီရာလီယွန်နိုင်ငံ ဖရီးတောင်း( Free Town )မြို့၌ရှိသော Premier  Procument LTD နှင့်ဆက်သွယ်ကာ ဆန်တန်ချိန် (၅၀၀၀)ကို အကြွေးစနစ်ဖြင့်ရောင်းချခဲ့ပြီး ဂါနာနိုင်ငံသို့ဆက်လက်ထွက်ခွာခဲ့သည်။ ဂါနာနိုင်ငံဆိပ်ကမ်းတစ်ခုတွင် ကုန်များချရန်စီစဉ်နေစဉ် ဂါနာနိုင်ငံတာဝန်ရှိသူများက မြန်မာဆန်များသည် အရည်အသွေးပြည့်မီခြင်း၊ မရှိဟုဆိုကာ ဆိပ်ကမ်းချခွင့်ကိုတားမြစ်ခဲ့ကြောင်း သို့ဖြစ်၍ ဆန်တင်သင်္ဘောသည် အာဖရိကတိုက်အပြည်ပြည်ဆိုင်ရာ ရေပိုက်နက်တွင်ကျောက်ချရပ်နားထားရကြောင်းသိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ (UNPL) မှ တာဝန်ရှိသူများက FREE TOWN မြို့သို့သွားရောက်၍ ဖြေရှင်းရာမှ ရှုံးစာ၊ ရှုံးတံဆိပ်အတုများဖြင့် ကြေညာချက်အတုများဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ဂါနာနိုင်ငံကလည်း ထိုကြေညာချက် အတုကို ထုတ်ပြန်ခြင်းမရှိကြောင်းငြင်းဆိုခဲ့သည်။ သို့ဖြစ်၍ UNPL ကုမ္ပဏီမှ ဂါနာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့ကို အသရေဖျက်မှုဖြင့် ဥပဒေကြောင်းအရရင်ဆိုင်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ ထို့ပြင်ဂါနာနိုင်ငံမီဒီယာများတွင် အမှန်အတိုင်းပြန်လည်ဖော်ပြပေးရန်တောင်းဆိုသွားမည်ဟုဆိုသည်။ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်နာမည်ပျက်ရန် မဟုတ်မမှန်လုပ်ကြံသူများကို ဥပဒေကြောင်းအရရင်ဆိုင်သွားမည်ဖြစ်ကြောင်းနှင့် ဖြစ်ပေါ်လာနိုင်သည့် မြန်မာ့ဆန်ဂုဏ်သိက္ခာကျဆင်းမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မတ်လ ၄ရက်နေ့ထုတ် Myanmar Newsweek ဂျာနယ်တွင်ဖော်ပြထားသည်။

## MRTV-3 ရွှေသံလွင်အုပ်စုလုပ်ကိုင်ခွင့်ရ

မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့်တစ်ခုတည်းသော ရုပ်သံလိုင်းဖြစ်သည့် MRTV-3ရုပ်သံလိုင်းကို ပြည်တွင်းအင်အားကြီးကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေသံလွင်ကုမ္ပဏီက ဖေဖော်ဝါရီလ ၁၂ရက်နေ့မှစတင်၍ လုပ်ကိုင်ခွင့်ရရှိထားကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ နိုင်ငံပေါင်း ၂၆၀ကျော်သို့ ထုတ်လွှင့်နေသည်ဟုဆိုသော MRTV-3 ရုပ်သံလိုင်းကို (Myanmar International) MI ဟု အမည်ပြောင်းထားပြီး နိုင်ငံတကာတွင် အောင်မြင်ကျော်ကြားနေသော စင်ကာပူအခြေစိုက် Channel News Asia ရုပ်သံလိုင်းကဲ့သို့ နိုင်ငံတကာတွင် အောင်မြင်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ MRTV-4ကဲ့သို့ အခပေးရုပ်သံလိုင်းခွဲများ စီစဉ်တင်ဆက်မည်မဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှု အနုပညာနှင့် သဘာဝတောတောင် သယံဇာတအကြောင်းများကို ကမ္ဘာတစ်ဝန်းစိတ်ဝင်စားစေရန် အဆင့်မီရိုက်ကူးတင်ဆက်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ ၂၀၁၀ခုနှစ် ဩဂုတ်လ ၁ရက်နေ့မှစတင်ထုတ်လွှင့်ခဲ့ပြီး NHK, CCTV ကဲ့သို့သော နိုင်ငံတကာရုပ်သံသတင်းဌာနများနှင့် သတင်းရယူမှုဆိုင်ရာ သဘောတူညီချက်များရယူထားကြောင်း ၂၀၁၀ခုနှစ် မတ်လ ၁ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပထမပုဂ္ဂလိကဘဏ်ခွဲတွေ ထပ်မံဖွင့်လှစ်ဦးမည်

ပထမပုဂ္ဂလိကဘဏ်ဟာ ဘဏ်ခွဲတွေဖွင့်လှစ်ခွင့်ရရှိထားပြီမို့ ယခုနှစ်အတွင်းမှာ ဖွင့်လှစ်မယ်လို့ သိရတယ်။ ပထမပုဂ္ဂလိကဘဏ်အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က “ကလေးမြို့၊ တောင်ကြီးမြို့တွေမှာ ဘဏ်ခွဲဖွင့်ခွင့်ရထားပါတယ်၊ ဒီနှစ်အတွင်းဖွင့်မှာပါ”လို့ ပြောတယ်။ ပထမပုဂ္ဂလိကဘဏ်ခွဲရဲ့ မော်လမြိုင်ဘဏ်ခွဲကိုတော့ ၂၀၀၉ခုနှစ် အောက်တိုဘာလက ဖွင့်လှစ်ခဲ့ပါတယ်။ ပထမပုဂ္ဂလိကဘဏ်အနေနဲ့ ဘဏ်လုပ်ငန်းပိုမိုတိုးတက်အောင် အချက်အချာကျတဲ့ မြို့ကြီးတွေ တိုင်းနဲ့ပြည်နယ်တွေမှာ ဖွင့်ခွင့်ရရင် ဆက်လက်ဖွင့်လှစ်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဘဏ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက “နိုင်ငံစီးပွားဖွံ့ဖြိုးဖို့၊ ဒေသဆိုင်ရာ စီးပွားဖွံ့ဖြိုးဖို့၊ ဒေသခံတွေ အကျိုးအမြတ်ရဖို့ ဘဏ်ခွဲဖွင့်ခွင့် လျှောက်ထားတာတွေရှိပါသေးတယ်” လို့ပြောတယ်။ ပထမပုဂ္ဂလိကဘဏ်ဟာ လက်ရှိမှာ ဘဏ်ရုံးချုပ်အပါအဝင် ၁၇ဘဏ်ရှိပါတယ်။ဘဏ်ရဲ့ခွင့်ပြုမတည်ငွေရင်း ၁၀ဘီလျံအတွက် ရှယ်ယာအစုပေါင်း ၇၀၀,၀၀၀နီးပါးရောင်းချရပြီးကြောင်း သိရတယ်။ လက်ရှိရောင်းချမှုက ရှယ်ယာတစ်စုကို ကျပ် ၁၅,၀၀၀(ပရီမီယံကြေး ၅၀၀၀ပါပြီး)ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)
အနှိုင်းမဲ့ဘာဝနာ

လောကမှာ ရှိရှိသမျှ သမထဘာဝနာတွေ အားလုံးထဲမှာ ဗုဒ္ဓါနုဿတိဘာဝနာဟာ အနှိုင်းမဲ့ဘာဝနာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဗုဒ္ဓါနုဿတိဘာဝနာ ထက် စိတ်ကိုပိုပြီး မြင့်မြတ်စေတယ်၊ ဘဝကို ပိုပြီးကြီးကျယ်စေတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားဘာဝနာမရှိတော့လို့ပါပဲ။

ဗုဒ္ဓါနုဿတိဘာဝနာနဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားဘာဝနာ လောကမှာ မရှိတော့တဲ့အတွက် ဗုဒ္ဓါနုဿတိဘာဝနာဟာ အနှိုင်းမဲ့ဘာဝနာ ဖြစ်ရပါတယ်။

"ဘာဝနာ"ဆိုတဲ့ ပါဠိစကားလုံးက "ဖြစ်စေခြင်း၊ တိုးပွားစေခြင်း" လို့ အဓိပ္ပါယ်ရပါတယ်။ စိတ်ကောင်းစိတ်မြတ်တွေ ဖြစ်ပေါ်အောင်၊ ဓာတ်ကောင်းဓာတ်မြတ် တွေ တိုးပွားလာအောင် ပြုလုပ်အားထုတ်တာကို ဘာဝနာလို့ ခေါ်ပါတယ်။

စိတ်အစဉ်မှာ ဓာတ်ကောင်းဓာတ်မြတ်တွေ တိုးပွားနေပြီဆိုရင် နှုတ်အမူအရာမှာလည်း ဓာတ်ကောင်းဓာတ်မြတ်တွေ ကိန်းဝပ်နေပါတယ်။ ကိုယ်အမူအရာမှာ လည်း ဓာတ်ကောင်းဓာတ်မြတ်တွေ လွှမ်းခြုံနေပါတယ်။

ဘာဝနာကို ထိထိမိမိပွားသူတိုင်းရဲ့ ကိုယ်နှုတ်စိတ်အမူအရာသုံးမျိုးမှာ ကောင်းမြတ်တဲ့ဓာတ်သဘောတွေ ပေါ်လွင်ထင်ရှားနေပါတယ်။ ဘာဝနာပွား နေပါလျက် ကိုယ်နှုတ်စိတ်အမူအရာ ဆိုးယုတ်နေတယ်ဆိုရင်တော့ ဘာဝနာကိုနှလုံးသားထဲအထိ ရောက်အောင် မပွားဘဲ အပေါ်ယံသာမန်ပွားနေလို့၊ ဒါမှမဟုတ် လူအထင်ကြီးခံရရုံ ပွားနေလို့၊ ဒါမှမဟုတ် နည်းမှန်လမ်းမှန် မပွားဘဲ နည်းမှားလမ်းမှား ပွားနေလို့ဖြစ်ပါလိမ့်မယ်။

သမထဘာဝနာနဲ့ ဝိပဿနာဘာဝနာလို့ ဘာဝနာနှစ်မျိုးရှိတဲ့အထဲမှာ နိဗ္ဗာန်ကို တိုက်ရိုက်မြင်နိုင်တဲ့ မဂ်ဉာဏ်ရဲ့ အနီးကပ်ဆုံး ဘာဝနာက ဝိပဿနာဉာဏ် ပေါ်ပြီး မဂ်ဉာဏ်ဆိုက်နိုင်တဲ့အတွက် ဝိပဿနာဘာဝနာက သမထဘာဝနာထက်ပိုပြီး အဆင့်မြင့်ပါတယ်။ ပိုပြီးမြတ်ပါတယ်။

သမထဘာဝနာအားလုံးထဲမှာတော့ ဗုဒ္ဓါနုဿတိဘာဝနာဟာ အဆင့်အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဗုဒ္ဓါနုဿတိရဲ့ အာရုံက ဘုရားအာရုံဖြစ်ပြီး ဘုရားအာရုံဟာ တစ်လောကလုံးမှာ ရှိရှိသမျှ လောကီအာရုံတွေထဲမှာ အမြတ်ဆုံးအာရုံဖြစ်နေလို့ပါပဲ။

အမြတ်ဆုံးအာရုံကို သတိရနေသူရဲ့ စိတ်မှာ အမြတ်ဆုံးဓာတ်တွေကူးစက်ပြီး အမြတ်ဆုံးကုသိုလ်တွေ တိုးပွားနေပါတယ်။ အမြတ်ဆုံးကုသိုလ်ကြောင့် အမြတ်ဆုံးကောင်းကျိုးတွေ တိုးပွားနေပါတယ်။ အမြတ်ဆုံးကုသိုလ်ကြောင့် အမြတ်ဆုံးကောင်းကျိုးတွေ မလွဲမသွေ ရရှိနိုင်တာမို့ အမြတ်ဆုံးအာရုံကို အောက်မေ့ ဆင်ခြင်ရတဲ့ ဗုဒ္ဓါနုဿတိဟာ အမြတ်ဆုံးဘာဝနာဖြစ်ရပါတယ်။

"ဗုဒ္ဓ"ဆိုတာ ဘုရားဂုဏ်တော်၊ "အနု" ဆိုတာ ထပ်တလဲလဲ၊ "သတိ" ဆိုတာ အမှတ်ရတာ၊ "ဗုဒ္ဓါနုဿတိ" ဆိုတော့ ဘုရားဂုဏ်တော်ကို ထပ်တလဲလဲ အမှတ်ရတာပေါ့။ ဘုရားဂုဏ်တော်ဆိုတာ ဘုရားရဲ့ အရည်းအချင်း၊ ဘုရားရဲ့ အစွမ်းသတ္တိပါပဲ။ ဘုရားရဲ့ အရည်အချင်း၊ ဘုရားရဲ့အစွမ်းသတ္တိတွေကို ထပ်တလဲလဲ အမှတ်ရနေတာ၊ ထပ်တလဲလဲ နှလုံးသွင်းဆင်ခြင်နေတာကိုပဲ ဂုဏ်တော်ပွားတယ်၊ ဗုဒ္ဓါနုဿတိပွားတယ်လို့ ခေါ်ပါတယ်။

ဂုဏ်တော်ပွားတယ်ဆိုတာ တကယ်တော့ မိတ္တူကူးတာပါ။ မြတ်စွာဘုရားရှင်မှာရှိတဲ့ အရည်အချင်းတွေ၊ အစွမ်းသတ္တိတွေကို ကိုယ့်စိတ်ထဲ၊ ကိုယ့်နှလုံးသားထဲ မှာ စိမ့်ဝင်ပျံ့နှံ့လာအောင် မိတ္တူကူးယူတာပါ။ စံပယ်ပန်းကို လက်ထဲဆုပ်ထားရင် စံပယ်ပန်းရနံ့လက်မှာ ကူးစက်လာသလို မြတ်စွာဘုရားရှင်ရဲ့ အရည်အချင်း တစ်ခုခု၊ အစွမ်းသတ္တိတစ်ခုခုကို ထပ်တလဲလဲ အမှတ်ရနေရင် အဲဒီအရည်အချင်းမျိုး၊ အဲဒီအစွမ်းသတ္တိမျိုး ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားမှာ ကူးစက်လာပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အရည်အချင်းအမျိုးမျိုး၊ အစွမ်းသတ္တိအမျိုးမျိုးကို အမှတ်ရနေရင်တော့ ကိုယ်အမှတ်ရလိုက်တဲ့ အရည်အချင်းနဲ့ အလားတူအရည်အချင်း တွေ၊ ကိုယ်အမှတ်ရလိုက်တဲ့ အစွမ်းသတ္တိတွေ ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားမှာ ကူးစက်လာတော့တာပါပဲ။

စိတ်နှလုံးမှာ ကူးစက်လာတဲ့ အရည်အချင်းတွေ၊ အစွမ်းသတ္တိတွေက နှုတ်ပေါ်၊ ကိုယ်ပေါ်အထိ ခုန်ဆင်းလာတဲ့အတွက် နှုတ်အမူအရာမှန်သမျှမှာလည်း အရည်အချင်းကောင်းတွေ၊ အစွမ်းသတ္တိကောင်းတွေ လွှမ်းခြုံပြီး ပြောလိုက်သမျှ စကားအားလုံးအဆင့်မြင့်စကားတွေ ဖြစ်သွားပါတယ်။ ကိုယ်အမူအရာ မှန်သမျှ မှာလည်း အရည်အချင်းကောင်းတွေ၊ အစွမ်းသတ္တိကောင်းတွေ ပြည့်နှက်ပြီး ပြုလိုက်သမျှ လုပ်ရပ်အားလုံး အဆင့်မြင့်လုပ်ရပ်တွေ ဖြစ်သွားပါတယ်။

ကိုယ့်ရဲ့လက်တွေ့ဘဝထဲမှာ ပြောသမျှအဟုတ်၊ လုပ်သမျှ အမှန်၊ ကြံသမျှ အကောင်းဖြစ်ဖို့အတွက် ဗုဒ္ဓါနုဿတိဘာဝနာ(ဘုရားဂုဏ်တော်ပွားတဲ့အလုပ်)က အပြည့်အဝ တာဝန်ယူပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်မှာရှိတဲ့ ဂုဏ်တော်တွေအားလုံးက "ပြောသမျှ အဟုတ်၊ လုပ်သမျှ အမှန်၊ ကြံသမျှ အကောင်း" တွေချည်းဖြစ်နေလို့ပါပဲ။

# ဟာသ

## ဆိုးလိုက်တဲ့ကံ

“ကံဆိုးတယ်ကွာ၊ အလုပ်မလျှောက်ခင် အလုပ်ဖြုတ်ခံလိုက်ရလို့”

“ဟေ”

Aကုမ္ပဏီမှာ အလုပ်လျှောက်မလို့ဘယ်လိုလျှောက်ရမလဲ၊ ဘယ်နေရာလစ်လပ်သလဲ၊ ကိုယ်တတ်ထားတာနဲ့အံဝင်တဲ့နေရာရှိရဲ့လား သိချင်လို့သွားစုံစမ်းတာကွ၊ ဒီစားပွဲက မသိဘူးဆိုတော့ နောက်စားပွဲပြောင်းမေး၊ တစ်နေရာကမသိတော့ နောက်တစ်နေရာထပ်စုံစမ်း၊ အဲသလို မေးနေတာကို ကြည့်နေတဲ့ လူကြီးကမန်နေဂျာကို ခေါ်ပြီး

“ဟိုကောင်ကို အလုပ်ဖြုတ်လိုက်၊ ဘာမှမလုပ်ဘဲ လှည့်စကားပြောနေတယ်လို့ဆိုတာနဲ့ မန်နေဂျာက ငါ့ခေါ်ပြီး မင်းအတွက်အလုပ်ဒီမှာ မရှိတော့ဘူး၊ သွားတော့ဆိုအလုပ်ဖြုတ်လိုက်တာကွ”

## တိုက်ရတဲ့အကြောင်းအရင်း

“မင်း ကားမှတ်တိုင်ကို ဘာလို့ဝင်တိုက်ရတာလဲ”

“မှတ်တိုင်က ဓာတ်တိုင်လောက်မတုတ်လို့ပါခင်ဗျာ”

“အဓိပ္ပာယ်မရှိတာကွာ၊ ကားမှတ်တိုင်ပဲ ကားမှတ်တိုင်လောက်ရှိမှာပေါ့”

“အဓိပ္ပာယ်ရှိပါတယ်ခင်ဗျာ၊ ကျွန်တော်မျက်မှန်တပ်ဖို့ မေ့လာလို့ပါ”

## ဈေးတက်ရင်ပြော

“ဟဲ့ နိုင်ငံတကာ ရွှေဈေးတက်သလား၊ ကျသလား”

ရေဒီယိုနားထောင်နေတဲ့သမက်ကို ယောက္ခမလုပ်သူက မေးတယ်၊ ဒီတော့သမက်က ရေဒီယိုနားနေရာက

“ဘာလုပ်မလို့လဲ”

“ငါငယ်ငယ်က ရွှေဆွဲပြားလေး မျိုချမိတာရှိတယ်၊ ဆရာဝန်ဆီသွားပြီး ပြန်ထုတ်ရမလားလို့”

## ရိုးသားမှုသက်သေ

သူဌေးက ဟိုတယ်မှာ အခန်းယူလိုက်တယ်။ သူယူလိုက်တဲ့အခန်းထဲဝင်မိတော့ တစ်ခန်းနဲ့တစ်ခန်းကြားမှာ ခြားထားတာက မှန်ကြီးတွေဖြစ်နေတယ်။ အခန်းတွေ တစ်ခန်းနဲ့တစ်ခန်းတိုးလျှိုပေါက်မြင်နေရတယ်။ သည်တော့တည်းမယ့်လူက

“မင်းတို့ ဟိုတယ်က ဘယ်လိုသဘောလဲ၊ စိတ်ချရသော အသံလုံခန်းများဆို၊ ခုဟာက အသံတော့လုံပါရဲ့ ရုပ်မလုံဘူးဖြစ်နေတယ်”

“ရိုးရိုးသားသား မနေချင်တဲ့ အခန်းက ကိုယ့်ဘက်က ခန်းဆီးကို ဆွဲပိတ်လိုက်လို့ ရပါတယ်ခင်ဗျာ”

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

Marth 5th မှ Marth 11th ကြား

အဘက်ဘက်မှအောင်မြင်မည်။ အလုပ်အကြံအောင်မည်။ ထူးခြားသည့်တက်လမ်းများရရှိမည်။ စိတ်ကူးသစ်များ၊ အစီအစဉ်သစ်များ စနစ်တကျချမှတ်နိုင်မည်။ စိတ်ရှည်သည်းခံခြင်းဖြင့် အခက်အခဲကို ကျော်လွှားရမည်။ ရန်လိုသောသူများ၊ ကိုယ်၏အမှားကိုမမြင်ဘဲ သူတစ်ပါးအပေါ် ခပ်ညစ်ညစ်ဆက်ဆံတတ်သောသူများ၊ ဝါကြွားတတ်သော သူများအကြား အလုပ်အကြံအစည်းများ ဆောင်ရွက်နေရမည်။ အလွန်စိတ်ရှည်ရမည်။ တစ်ပါးသူနှင့်မတူသောလမ်း ကြောင်းမှ ထိုးဖောက်၍ တက်လမ်းရမည်။ မိမိကိုယ်မိမိနှိမ့်ချ၍ လူအများနှင့်ဆက်ဆံက ထူးခြားသောအကျိုးအမြတ်ရမည်။ အလုပ်သစ်များဆောင်ရွက်၍ အကျိုးရှိမည်။ မူလအစီအစဉ်ကို လမ်းကြောင်းပြောင်း၍ ဆောင်ရွက်တိုးတက်မည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

Marth 5th မှ Marth 11th ကြား

တပြိုင်နက်တည်းတစ်ခုထက်မကသော အလုပ်များကိုလုပ်ကိုင်ရကိန်းရှိမည်။ အခက်အခဲကို ကျော်လွှားနိုင်မည်။ အပြိုင်အဆိုင်အားလုံးကို ဖယ်ရှား၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ ဆိုင်းငံ့နှောင့်နှေးနေသော အလုပ်ကိစ္စမှန်သမျှကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ ပြောင်းလဲ၍ တိုးတက်မည်။ ရည်မှန်းချက်သစ်ကို ရှေ့တိုးဆောင်ရွက်နိုင်မည်။ အကြံအစည်အောင်မည်။ ရည်မှန်းထားသည့်အဆင့် ဘဝအခြေအနေသို့ ကူးပြောင်းတိုးတက်မည်။ ငွေကြေးကိစ္စ၊ အလုပ်စီးပွားကိစ္စမှန်သမျှတွင် တိုးတက်သောအခြေအနေဦးတည်မည်။ အတတ်ပညာကို အခြေတည်၍ တိုးတက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပညာသင်တန်းနှင့်ပတ်သက်သောကိစ္စများ အထူးအကျိုးပေးမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

Marth 5th မှ Marth 11th ကြား

ရန်အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ ပြဿနာထုပ် ထုတ်လျှို့ထမ်းသလိုကြုံမည်။ သတိလက်လွတ်ဖြစ်ခြင်းကြောင့် စိတ်အနှောင့်အယှက် အခက်အခဲများ ကြုံတွေ့နိုင်သည်။ ကျန်းမာရေး အထူးဂရုစိုက်ပါ။ မတော်တဆအန္တရာယ်ဂရုစိုက်ပါ။ သူရူးတွေ့လိမ့်မည်။ စိတ်ကျန်းမာရေး ချို့ယွင်းသူများကို လိုက်လံအကူအညီပေးရမည်။ အတတ်ပညာ သင်တန်းရေးရာကိစ္စအောင်မြင်မည်။ လုပ်ငန်းခွင်မှသူများ မိမိတာဝန်ယူရာအလုပ်နေရာ အလုပ်စားပွဲ စာတွဲများကို တစ်ပါးသူမှ ကိုင်တွယ်ခြင်းမရှိအောင် တင်းကြပ်စွာတားဆီးပါ။ မလိုသူများဒုက္ခပေး၍ ဇယားရှုပ်ခြင်း၊ စာရင်းရှုပ်ခြင်းနှင့် အရေးကြီးသော စာရွက်စာတမ်း ပျောက်ရှခြင်း၊ သတင်းပေါက်ခြင်းရှိမည်။ ပြဿနာအကြီးစားများ ဖြစ်တတ်သည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

Marth 5th မှ Marth 11th ကြား

ပြဿနာများ၊ အခက်အခဲများကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမည်။ သွားနာ၊ သွားကိုက်မည်။ သွားကျိုးမည်။ ထိုကဲ့သို့ဖြစ်ပြီးနောက် အညံ့အဆိုးများကင်းစင်သွားမည်။ ခရီးကိစ္စအဆင်ပြေမည်။ အရပ်ဝေးနှင့် ပတ်သက်သော ကိစ္စအဆင်ပြေမည်။ တစ်ပြိုင်တည်းတစ်ခုထက်မကသော လုပ်ငန်းများကို လုပ်ကိုင်၍ ထူးခြားသော တိုးတက်ခြင်းရှိမည်။ ဆီး၊ မျက်စေ့နှင့်ပတ်သက်၍ ဆေးရုံ၊ ဆေးခန်းရောက်ရှိမည်။ သူတစ်ပါးနှင့် ယှဉ်ပြီး လုပ်ရသောကိစ္စများမှ ထူးခြားသော တိုးတက်မှုများရှရိမည်။ စုပေါင်းလုပ်ငန်းများ ဆောင်ရွက်အဆင်ပြေမည်။ လူယုံထား၍မရ။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

Marth 5th မှ Marth 11th ကြား

မနာလိုသူများ၊ ရန်အနှောင့်အယှက်ပြုသူများ၊ စိတ်ရှုပ်ထွေးအောင် ဆောင်ရွက်သူများနှင့် ကြုံမည်။ ဒုက္ခပေးသူ အားလုံးတို့သည် အနီးကပ်သူများဖြစ်မည်။ အလုပ်ကိစ္စ၊ စီးပွားရေးရာကိစ္စအလုံးစုံတွင် ဆုံးဖြတ်ရန်ခက်ခဲခြင်းနှင့် ရှေ့တိုးလုပ်ကိုင်ရန် ကြန့်ကြာခြင်းများရှိမည်။ သတင်းမှန်၊ စကားမှန်၊ အခြေအနေမှန်ကို ဖုံးကွယ်သူများနှင့် တွေ့၍ ဆုံးဖြတ်သုံးသပ်မှုမှားယွင်းမည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ပစ္စည်းသိုလှောင်မှုမှားယွင်းတတ်သည်။ လုပ်ငန်းခွင်အတွင်း ငွေကြေးစာရင်းဇယားကိစ္စများအတွက် စကားများရခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း ကြုံမည်။ မိသားစုတွင် အသက်အရွယ်ကြီးရင့်သူများ၏ ကျန်းမာရေးအတွက်စိတ်ပူပင်ရမည်။ အပျောက်အရှအပျက် အစီးများတတ်သည်။ ငွေကြေးအပေးအယူသတိရှိပါ။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

Marth 5th မှ Marth 11th ကြား

ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ သူတစ်ပါးကြောင့် ရုံးရောက်၊ ဂါတ်ရောက်ကြုံမည်။ ပုံမှန်လုပ်နေသောလုပ်ငန်းများ၊ အကျိုးပေးသောကိစ္စများအပေါ် စိတ်ဝင်စားမှုနည်း၍ ငွေကုန်ဒုက္ခပေးသောကိစ္စမျာအပေါ် စိတ်ညွတ်နေတတ်သည်။ လက်ဖွာခြင်း၊ အသုံးအဖြုန်းများခြင်းများ ဖြစ်နေတတ်သည်။ သူတစ်ပါးနှင့်အတွေးအယူအဆများ ကွာဟနေသည်။ ဆောင်ရွက်ရမည့်ကိစ္စ၊ ကြုံတွေ့နေသောအခက်အခဲများကို ဖြေရှင်းခြင်းမပြုဘဲ စိတ်လွတ်ကိုယ်လွတ်နေခြင်း၊ အပျော်ဘက်ဦးနည်းခြင်းများကြုံမည်။ တစ်ပါးသူမြှောက်ထိုးပင့်ကော်ပြုသော စကားများအပေါ်၌ နားဝင်ချိုဘဝင်မြင့်ပြီး အမှားအယွင်းများကို အောက်ခြေလွတ်စွာဆောင်ရွက်တတ်သည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

Marth 5th မှ Marth 11th ကြား

အလိုပြည့်စုံခြင်း၊ ရည်ရွယ်ချက်အောင်မြင်ခြင်းရှိမည်။ လမ်းသစ်ထွင်၍ လုပ်သောကိစ္စမှ ထူးထူးခြားခြား အောင်မြင်သွားနိုင်သည်။ နေရာအပြောင်းအရွှေ့များ ဖြစ်နိုင်မည်။ ဆောင်ရွက်ရန်ခက်ခဲသော လုပ်ငန်းများလုပ်ရန် အခါကောင်းကျရောက်သည်။ ယှဉ်ပြိုင်မှုအောင်မြင်မည်။ ရုတ်တရက်ဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်ခြင်းများမှ ကောင်းသောတက်လမ်းများဖြစ်ထွန်းမည်။ မထင်မှတ်ဘဲငွေဝင်ကိန်းရှိမည်။ အများကိစ္စ၊ သူတစ်ပါးကိစ္စများ လိုက်လံဆောင်ရွက်ပေးရတတ်သည်။ အလှူမင်္ဂလာကိစ္စအဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည် အိုးအိမ်၊ ခြံမြေ၊ နေရာထိုင်ခင်းနှင့်ပတ်သက်၍ ပြောဆိုဆောင်ရွက်မှုများအဆင်ပြေမည်။ အတတ်ပညာနှင့် ပတ်သက်သော အကျိုးဆက်ကောင်းရမည်။ လုပ်ရိုးလုပ်စဉ်မှ ခွဲထွက်၍ ထူးခြားသောတိုးတက်မှုနှင့် အဆင်ပြေမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

Marth 5th မှ Marth 11th ကြား

ငွေဝင်သော်လည်း စိတ်ရှုပ်စရာများ ကြုံတတ်သည်။ ပြဿနာအခက်အခဲများနှင့် ထိပ်တိုက် တွေ့တတ်သည်။ စကားရှုပ်သောသူများကြောင့် ပြဿနာများဖြေရှင်းရတတ်သည်။ မတော်တဆထိခိုက်မှု၊ သွေးထွက်သံယိုဖြစ်တတ်သည်။ ဆေးရုံဆေးခန်းရောက်တတ်သည်။ ရန်အတိုက်အခံနှင့်ယှဉ်ပြီး လုပ်ငန်းလုပ်ရမည်။လိမ်ညာခံရတတ်သည်။ ရေနှင့်ပတ်သက်သော အန္တရာယ်ရှိသည်။ လုပ်နေသောလုပ်ငန်းများ ရုတ်တရက် ရပ်တန့်ရတတ်သည်။ တွေဝေဒွိဟဖြစ်ခြင်းကြောင့် အခွင့်ကောင်းအချို့ လက်လွှတ်ဆုံးရှုံးမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများကို သတိနှင့်ဆောင်ရွက်ပါ။ အမှုအခင်းဖြစ်တတ်သည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

Marth 5th မှ Marth 11th ကြား

ပြဿနာရန်များနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းများ ကြုံမည်။ ခါးသီးဖွယ်ကိစ္စများကို ပတ်သက်ဖြေရှင်းရမည်။ စိတ်ဝိညာဉ် ညစ်ညူးစရာများ ဖြစ်ပေါ်မည်။ ဆန့်ကျင်ပဋိပက္ခပြုသူများနှင့် တွေ့မည်။ ကိုယ့်အောက်ငယ်သောသူများ၏ မရိုမသေပြုမှု၊ ဆန့်ကျင်မှုများကို ခံရတတ်သည်။ အတူတကွတွဲလုပ်သူများ၏ သစ္စာမဲ့မှုကြောင့် စိတ်သောက ရောက်စရာများရှိမည်။ မတော်တဆထိခိုက်မှုသတိရှိရမည်။ နာမည်သိက္ခာ ထိခိုက်မှုများကို လိုက်လံဖြေရှင်းရကိန်းရှိမည်။ ခွေးမည်းကြီးက လိုက်လံကိုက်သည်ဟု မြင်မက်လိမ့်မည်။ မိမိအားတင့်တယ်စွာ အလှပြင်ခြင်းဟူသော အိမ်မက်မျိုးမြင်မက်ပါက ကျန်းမာရေးဂရုစိုက်ပါ။ ဆေးရုံ ဆေးခန်းရောက်နိုင်သည်။ စက်ပစ္စည်းများအဝင်မတော်။ ဤရက်ပိုင်းအတွင်း ဝယ်ယူသုံးစွဲသော အသုံးအဆောင်ပစ္စည်းများအလွယ်တကူ ပျက်စီးနိုင်သည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

Marth 5th မှ Marth 11th ကြား

ယှဉ်ပြိုင်သူအားလုံးအပေါ် အနိုင်ယူနိုင်သောကာလဖြစ်သည်။ ဘဝအခြေအနေလှုပ်ရှားခြင်းနှင့် ပြောင်းလဲခြင်းများဖြစ်ပေါ်မည်။ ကြိုတင်တွက်ဆ၍မရသော ဘေးဥပါဒ်များသတိရှိရမည်။ သဘာဝမှဖြစ်ပေါ်သော အန္တရာယ်မျိုးသတိရှိပါ။ ဆုံးဖြတ်မှုနှင့် သုံးသပ်ချက်များ မှန်ကန်မည်။ အလုပ်ကံ၊ ငွေကြေးကံကောင်းခြင်းနှင့် အလုပ်စီးပွားတိုးတက်မည်။ အပြောင်းအလဲကိုဆောင်ရွက်နိုင်မည်။ အခက်အခဲအနှောင့်အယှက် ဘေးအန္တရာယ်နှင့်ယှဉ်ပြီး စွန့်စားလုပ်ကိုင်မှုများအဆင်ပြေမည်။ မိသားစုတွင် ငွေကြေးအရှုပ်အထွေး လောင်းကစားဒုက္ခပေးခြင်းဖြစ်စေ၊ ဖြတ်လမ်းမှစီးပွားရှာရင်း ဆုံးရှုံးအန္တရာယ်ကြုံသူဖြစ်စေ ရောက်ရှိတတ်သည်။ အကူအညီတောင်းတတ်သည်။ လုပ်ငန်းခွင်အတွင်း ငွေကြေးရသည်နှင့် အမျှအန္တရာယ်ရှိမည်။ အရာရာကိုသတိနှင့်ယှဉ်ပြီး လုပ်ကိုင်ရမည်။ ခရီးကိစ္စအတွက် စီစဉ်မှုအောင်မြင်မည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

Marth 5th မှ Marth 11th ကြား

အတိုက်အခံကြားမှ တိုးတက်မည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားပြီးမှ အလိုရှိရာပြည့်စုံမည်။ အတွင်းလူဒုက္ခပေးတတ်သည်။ လူငယ်လူရွယ်များအဖို့ တစ်ဦးနှင့်တစ်ဦး အကျီစားလွန်ရာမှ ကြီးမားသောပဋိပက္ခဖြစ်တတ်သည်။ အိမ်ထောင်သည်များ ဘေးစကားအနှောင့်အယှက်ဝင်တတ်သည်။ ပျိုရွယ်သူများမေတ္တာရေးတွင် ကြားလူဝင်၍ မေတ္တာရေးလမ်းကြောင်း ကွေ့စောင်းကျိုးပြတ် တစ်ခန်းရပ်ရတတ်သည်။ လုပ်ငန်းခွင်အတွင်း တစ်ပါးသူ မလုပ်လိုသောကိစ္စများ၊ တာဝန်ကြီးသောကိစ္စများ၊ အရှုပ်အထွေးများသောကိစ္စများ တာဝန်ယူဆောင်ရွက်ရမည်။ မိသားစုတွင် ဆုံးရှုံးလက်လွှန်သော ငွေကြေးပစ္စည်းအတွက် စကားပြောဆိုရခြင်းများ ကြုံမည်။ နဂိုလုပ်ခဲ့သော လုပ်ငန်းဟောင်းမှ ဆုံးရှုံးထားသည့် ငွေကြေးများ၊ အခွင့်အရေးများမထင်မှတ်ဘဲ ပြန်လည်ရကိန်းရှိသည်။ နာရေးနှင့် ပတ်သက်သောကိစ္စများတွင် အထောက်အကူပေးရမည်။ မထင်မှတ်ထားသော အလှူဒါနပြုရခြင်းကြုံမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

Marth 5th မှ Marth 11th ကြား

အထူးကောင်းသည်။ ဆောင်ရွက်လုပ်ကိုင်သည့် ကိစ္စမှန်သမျှ ထူးခြားသော အကျိုးဆက်ရမည်။ ငွေရေးကြေးရေးကံ အလုပ်စီးပွားတိုးတက်ခြင်း ဆက်တိုက်ဖြစ်ထွန်းမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ အခက်အခဲအလုံးစုံကို ကျော်လွှားနိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားများ အကျိုးပေးမည်။ နာမည်အောင်မြင်မှုနှင့် ဘဝတိုးတက်မှုအဆင့်ဆင့် ဖြစ်ထွန်းမည်။ ခရီးဝေး၊ နိုင်ငံရပ်ခြားသွားလာခြင်းများ အဆင်ပြေမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူ တိုးတက်မည်။ ဘဝအဆင့်တက်လမ်းနှင့် လုပ်ငန်းအဆင့်ဆင့် တိုးတက်မှုရမည်။ မိသားစုပိုင်လက်လွှန်ဆုံးရှုံးထားသော ငွေကြေးများ၊ ပစ္စည်းများ လက်ဝယ်ပြန်ရမည်။ မူလစိတ်ကူးထားသည့်ကိစ္စရပ်အားလုံးကို ရှေ့တိုးဆောင်ရွက်ရန် အခါကောင်းကျရောက်သည်။

## အားကစား

## ဆယ်စုနှစ် တစ်ခုကျော် မကျင်းပ ဖြစ်ခဲ့သော မြို့နယ်ပေါင်းစုံ စစ်တုရင် ပြိုင်ပွဲ ပြန်လည် ကျင်းပမည်

၂၀၁၀ခုနှစ်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရန်ကုန်တိုင်းမြို့နယ်ပေါင်းစုံ(တစ်ဦးချင်းနှင့် အသင်းလိုက်)အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲအား ၁၉.၂.၂၀၁၀ရက်မှ၂၈.၂.၂၀၁၀ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း၊ မိုလုံလေလုံ အားကစားရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်ထံမှ သိရသည်။ ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲများအား ကျင်းပဖြစ်ခဲ့သော်လည်း မြို့နယ်ပေါင်းစုံပြိုင်ပွဲများ မကျင်းပဖြစ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် ရှိခဲ့ကြောင်း သိရသည်။ ရန်ကုန်တိုင်းစစ်တုရင်အသင်းသည် ၂၀၁၀စက်တင်ဘာ ၂၇မှ အောက်တိုဘာ၁၁အထိ ကျင်းပမည့် ၃၅ ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိနိုင်ရန်နှင့် မြန်မာ့စစ်တုရင်အားကစားဖွံ့ဖြိုးတိုးတက်ရန်အတွက်ရည်ရွယ်၍ယခုပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်းသိရသည်။တစ်ဦးချင်းပြိုင်ပွဲအား ၉ချီswiss system ဖြင့်ပြုလုပ်၍ အသင်းလိုက်ပြိုင်ပွဲအား တစ်ဦးချင်းအဆင့်ပေါင်းလျှင်ဖြင့်တွက်ချက်မည်ဖြစ်ကြောင်းသိရသည်။မြို့နယ်အလိုက်မြို့နယ်တွင်းနေထိုင်သူ၊အနည်းဆုံး၃ဦးပါဝင်၍အခြားမြို့နယ်များမှ၂ဦးပါဝင်ခွင့်ရှိသည့်အသင်းတစ်သင်းစီ ဖွဲ့စည်းခွင့်ရှိပြီးအနည်းဆုံး ၄ဦးမှ ၅ ဦးအထိ ပါဝင်ဖွဲ့စည်းရမည်ဖြစ်ကာ ဖွဲ့စည်းပုံမပြည့်မီပါက တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ဆုချီးမြှင့်ခြင်းတွင် အသင်းလိုက် ပထမဆု ရွှေတံဆိပ်လည်ဆွဲ ၅ ဆုနှင့် တံခွန်စိုက် ဒိုင်း၊ ဒုတိယခု ငွေတံဆိပ်လည်ဆွဲ ၅ ခု၊တတိယခု ကြေးတံဆိပ်လည်ဆွဲ ၅ ခုချီးမြှင့်မည်ဖြစ်ပြီးတစ်ဦးချင်းဆုတွင်အဆင့်တစ် Trophy နှင့် ၃သိန်း၊ အဆင့်နှစ် Trophy နှင့် ၂ သိန်း၊ အဆင့်သုံး Trophy နှင့်၁ သိန်း ၊အဆင့် ၄ မှ ၁၀ အထိအားMedal တစ်ခုစီနှင့် ၈သောင်း၊ ၇သောင်း၊ ၆သောင်း၊ ၅သောင်း၊ ၄သောင်း၊၃သောင်း၊ ၂သောင်းနှင့်နှစ်သိမ့်ဆု ၅ဆုအား ၁သောင်းကျပ်စီ ချီးမြှင့်မည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့ထုတ်News Watch Weekly ဂျာနယ်တွင် ဖော်ပြထားပါသည်။

# အနုပညာ

## နှင်းဆီရင်ခွင်အဖွဲ့သားများ အငြိမ့်ဖျော်ဖြေမှုရပ်နားတော့မည်

၂၀၀၉တွင် 'နှင်းဆီရင်ခွင်'အငြိမ့်၊ ၂၀၁၀တွင် 'နှစ်သစ်နှင်းဆီ'အငြိမ့်တို့ဖြင့် ပရိသတ်အားပေးမှုကို ရရှိခဲ့သည့် နှင်းဆီအဖွဲ့သားများသည် ယခုနှစ်အတွင်း မန္တလေးတွင် တစ်ပွဲ၊ စင်ကာပူနှင့် မလေးရှားတွင်တစ်ပွဲစီ ထပ်မံကပြဖျော်ဖြေပြီးပါက 'ထာဝရနှင်းဆီ'အငြိမ့်ဖျော်ဖြေမှုဖြင့် ပရိသတ်ကို နှုတ်ဆက်တော့မည်ဖြစ်ကြောင်း အဖွဲ့သားတစ်ဦးဖြစ်သူ ကျော်ကျော်ဗိုလ်ထံမှ သတင်းရရှိသည်။ "ကျွန်တော်တို့ရဲ့ ပင်မပရော်ဖက်ရှင်နယ်အလုပ်က သရုပ်ဆောင်အလုပ်ပါ။ မိုးမိုးလည်း ဂီတလုပ်ငန်းတစ်ဖက်ရှိတယ်လေ။ ဒီလူရွှင်တော်လုပ်ရတဲ့အလုပ်က ကိုယ်အရမ်းကျွမ်းကျင်တတ်မြောက်တဲ့အလုပ်မဟုတ်ဘူး။ ပြီးတော့ ပရိသတ်အတွက် ကိုယ်တတ်သလောက်၊ မှတ်သလောက် ချပြပြီးတဲ့အခါ နှုတ်ဆက်ဖို့အချိန်ရောက်လာပါပြီ။ ကိုယ်မကျွမ်းကျင်တဲ့အလုပ်ဆိုတာ လုပ်တာများလာရင် အပြစ်တွေလည်း အများကြီးဖြစ်လာနိုင်မှာမို့ အဖွဲ့သားတွေအားလုံးရဲ့ဆန္ဒရယ်၊ ဦးမျိုး(မောင်မျိုးမင်း)ရယ်တိုင်ပင်ပြီး 'ထာဝရနှင်းဆီ'နဲ့ပရိသတ်ကို နှုတ်ဆက်ပါတော့မယ်" ဟု ကျော်ကျော်ဗိုလ်က ပြောသည်။ နှင်းဆီအဖွဲ့သားများ၏ ယခုလအတွင်း မျှော်စင်ကျွန်းတွင်ပြုလုပ်မည့် 'နှင်းဆီရင်ခွင်'အငြိမ့်မှာ မသေချာသေးကြောင်းနှင့် မတ်လတွင် 'ရတနာပုံနှင်းဆီ'အမည်ဖြင့်လည်းကောင်း၊ စင်ကာပူတွင် 'နှင်းဆီစင်ကာပူနှစ်ပါးသဘင်'အမည်ဖြင့်လည်းကောင်း ဖျော်ဖြေရန်ရှိကြောင်း သိရသည်။ 'ထာဝရနှင်းဆီ' အငြိမ့်ဖျော်ဖြေပွဲကို ယခုနှစ်ကုန်တွင် ရန်ကုန်၌ ပြုလုပ်မည်ဖြစ်သည်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၂၅ရက်နေ့ထုတ် 7 Day News ဂျာနယ်)

## ဝတ်မှုန်ရွှေရည် ရုပ်ရှင်ရိုက်ပြီ

တီဗီဖန်သားပြင်ထက်က ကြော်ငြာများစွာတွင် နေရာယူလာခဲ့သော ဝတ်မှုန်ရွှေရည်သည် ၂၀၀၉ခုနှစ် ကုန်ခါနီး၌ ဒါရိုက်တာကြည်ဖြူသျှင်နှင့်တွဲ၍ ဗီဒီယိုဇာတ်ကားများ ရိုက်ကူးလာခဲ့သည်။ သူမ၏ပွဲဦးထွက် ဗီဒီယိုဇာတ်ကားရိုက်ကူးမှုတွင် စိုင်းစိုင်းခမ်းလှိုင်နှင့်တွဲ၍ 'ဝတ်မှုန်မျှော်တဲ့လိပ်ပြာ'ကို ဒါရိုက်တာမောင်မျိုးမင်းနှင့် ရိုက်ကူးခဲ့သည်။ ယခုအခါ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးအတွင် ဒါရိုက်တာကိုဇော်(အရဏ်ဦး) ဖန်တီးသည့် 'ချစ်လို့ပျော်တာ အမိုက်စား' အမည်ရှိ ဟာသရုပ်ရှင်ဇာတ်ကားကြီးတွင် ဝါရင့်သရုပ်ဆောင်ပေါင်းများစွာနှင့် တွဲဖက်သရုပ်ဆောင်နေကြောင်း သတင်းရရှိသဖြင့် ရိုက်ကွင်းတည်ရှိရာ ဇီဇဝါဥယျာဉ်အိမ်ရာသို့ သွားရောက်၍ ဝတ်မှုန်ရွှေရည်နှင့် ပထမဆုံးရုပ်ရှင်ဇာတ်ကားရိုက်ကူးမှုအတွေ့အကြုံကို မေးမြန်းရာ "ဒီကားကိုဖလင်အတွေ့အကြုံရအောင်ယူတဲ့အနေနဲ့ ရိုက်ဖြစ်ပါတယ်။ သမီးအနေနဲ့ ဟီဗီးဒရာမာတွေလည်း ရိုက်ဖို့အခြေအနေမရသေးချိန်မှာ ဒီဖန်စီဟာသကားလေးနဲ့စပြီးကားကြီးအတွေ့အကြုံယူထားတာပါ။ ဒီဇာတ်ကားမှာ သမီးက မိုးအောင်ရင်နဲ့တွဲရပါတယ်။ ကိုခန့်ရဲ့သမီးလေးယောက်ထဲက တစ်ယောက်အနေနဲ့ သရုပ်ဆောင်ရပါတယ်" ဟု ဖြေကြားသည်။ 'ချစ်လို့ပျော်တာ အမိုက်စား 'ရုပ်ရှင်ဇာတ်ကားကြီးအား ခန့်စည်သူ၊ ကျော်ကျော်ဗို၊ သူထူးစံ၊ မိုးအောင်ရင်၊ မိုးမိုး၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်၊ နန်းဆုရတီစိုးနှင့် ဝတ်မှုန်ရွှေရည် စသည့်အဓိက သရုပ်ဆောင်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရိုက်ကူးလျက်ရှိပြီး ဖေဖော်ဝါရီ ၁၆ရက်ကလည်း ချောင်းသာကမ်းခြေသို့ သွားရောက်ရိုက်ကူးခဲ့ကြောင်း သိရသည်။ ဝတ်မှုန်ရွှေရည်သည် ယခုဇာတ်ကားကြီးပြီးလျှင် ဆာတိုရီထုတ်လုပ်ရေးအတွက် ရဲတိုက်နှင့်တွဲဖက်ရိုက်ကူးရန်ရှိကြောင်း သိရသည်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၂၅ရက်နေ့ထုတ် 7 Day News ဂျာနယ်)